# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၂)ရက် ၊ ကြာသပတေးနေ့ ၊ (7-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




# ပုဂံရာဇဝင်ကျမ်းများကို ခြေရာခံခြင်း (၄)

ပိုလ်ရှိတ်(ရတနာပူရ)

**ပုဂံနိဒ္ဒေသသမိုင်း–ပုဂံမြို့စစ်ကဲ ရွှေတောင်ရာဇနော်ရထာပြု**

ဆရာကြီးဦးဝင်းမောင်(တမ္ပဝတီ)ရေးထားသော "ဆရာကြီးဦးမောင်မောင်တင်၏ မွေးနေ့အမှတ်တရ စာတမ်းများ"စာအုပ်တွင် အမှာစာ၌ ဆရာကြီးက "ပုဂံ ၁၉ ရွာကိုလေ့လာစဉ်က မကျည်းကြီးနှင့် ကုက္ကိုသိမ်တို့ကို ကျေနပ်လောက်သောအထောက်အထား မတွေ့ရှိခဲ့ရသေးပေ။ နောက်တွင် ဆရာကြီးမွန်ဗိုကေ စုဆောင်းခဲ့သော ပုဂံနိဒ္ဒေသပုရပိုက်ကို ဖတ်ရသောအခါ ထိုဒေသနှစ်ခုနှင့်ပတ်သက်သော အထောက်အထားသစ်များကို ထပ်မံရရှိလာခဲ့ပါသည်"ဟူ၍ဖော်ပြခဲ့သည်။ ဆရာကြီးဆိုလိုသည်မှာ ပုဂံ ၁၉ ရွာကို လေ့လာစဉ်က မကျည်းကြီးရွာနှင့် ကုက္ကိုသိမ်ရွာနေရာတို့ကို ရှာဖွေ၍မလွယ်ခဲ့ပါ။ ပုဂံနိဒ္ဒေသပုရပိုက်ရမှ တည်နေရာအထောက်အထားကိုယူကာ ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ဆရာကြီး၏စာအုပ်ကိုဖတ်ပြီး ပုဂံနိဒ္ဒေသပုရပိုက်ကို ကြည့်ချင်မိပါသည်။ ဆရာကြီးနှင့်ဆုံသည့်အခါ ဆရာကြီးထံ၌ ပုဂံနိဒ္ဒေသပုရပိုက် ရှိ၊ မရှိမေးမြန်းခဲ့သည်။ ဆရာကြီးက သူကိုယ်ပိုင်မဟုတ်ကြောင်း၊ ဆရာကြီး ဦးဗိုကေထံမှ ငှားရမ်းကြည့်ခဲ့ပြီး ပြန်ပေးခဲ့ကြောင်း ပြောပြသည်။ ထို့ပြင် ဆရာကြီးက ဆက်၍ ပုဂံနိဒ္ဒေသပုရပိုက်ကို သုံးမှုခန့် ကြည့်ဖူးကြောင်း၊ ဆရာကြီး ဦးဗိုကေထံက မူသာလျှင် အစုံဆုံးဖြစ်ကြောင်း ပြောပြသည်။ ဆရာကြီးနှင့်ဆုံပြီးနောက် ပုဂံနိဒ္ဒေသပုရပိုက်ကို တွေ့ရန်အလှမ်းဝေးခဲ့သည်။ ကြည့်ခွင့်မရတော့ဟု ယူဆခဲ့သည်။

ထိုသို့ဖြင့် မေ့မေ့ပျောက်ပျောက်နေလာရာ တစ်နေ့တွင် ပုဂံမြို့မှ မိတ်ဆွေတစ်ဦးနှင့် သိကျွမ်းခွင့်ရခဲ့သည်။ ထိုမိတ်ဆွေမှာလည်း ရှေးဟောင်းစာပေကို စိတ်ဝင်စားသော မိတ်ဆွေဖြစ်သဖြင့် သူနှင့်ဆုံတိုင်း မြန်မာစာပေဆိုင်ရာ၊ သမိုင်းဆိုင်ရာ ပေ၊ ပုရပိုက်များအကြောင်းသာ ပြောဖြစ်ခဲ့သည်။ တစ်နေ့ သူနှင့်စကားလက်ဆုံကျရင်း ကျွန်တော်က သူ့ကို ဆရာဦးဗိုကေ၏ ပုဂံနိဒ္ဒေသသမိုင်းပုရပိုက်ကို ကြည့်ဖူးသလားမေးမိသည်။ သူက ကြည့်ဖူးရုံမက သူ့ထံတွင် ထိုပုရပိုက် လက်ဝယ်ရှိကြောင်း ပြောလာသည်။ ကျွန်တော် အလွန်ဝမ်းသာသွားသည်။ သူ့ထံမှ ပုဂံနိဒ္ဒေသသမိုင်းပုရပိုက်ကို ကြည့်ခွင့်တောင်းခဲ့သည်။ သူက ပုရပိုက်ကို ပုဂံပြန်သောအခါ ယူလာပေးသည်။ ကျွန်တော့်ကို ငှားခြင်းမဟုတ်ဘဲ ပုရပိုက်တစ်ဆူလုံးကို လက်ဆင့်ကမ်းပေးခဲ့ခြင်းဖြစ်သည်။ သို့ဖြင့် ကျွန်တော်သည် ဆရာကြီးဦးဗိုကေ ပိုင်ဆိုင်ခဲ့သည့် ပုဂံနိဒ္ဒေသသမိုင်း ပုရပိုက်ကို ကြည့်ခွင့်၊ လေ့လာခွင့်ရခဲ့သည်။

ပုဂံနိဒ္ဒေသသမိုင်းပုရပိုက်သည် ၁၁ ကြောင်းရေး ပုရပိုက်ဖြစ်သည်။ သက္ကရာဇ် ၂၁၁ ခုနှစ်တွင် ပျဉ်ပြားမင်းတည်ခဲ့သော ပုဂံမြို့အကြောင်းကို အသေးစိတ်ဖော်ပြထားသောကျမ်းဖြစ်သည်။ ကျမ်းအစကို "ဇေယျတု။ ။ပုဂံမြို့နိဒ္ဒေသအကြောင်း ကောင်းမြတ်သောသြဘာ၊ မင်္ဂလာနိမိတ်စကားကို ရေးသား၍ ဆက်ပါသည်ဘုရား"ဟု အစချီထားသည်။ ထို့ကြောင့် ပုဂံနိဒ္ဒေသသမိုင်းသည် ရှင်ဘုရင်ကိုဆက်သရသော ကျမ်းဖြစ်ကြောင်း ခိုင်ခိုင်မာမာသိရသည်။ မည်သည့်မင်းထံသို့ ဆက်သွင်းရကြောင်း၊ မည်သူက ရေးသား၍ ဆက်သွင်းရကြောင်းကို ကျမ်းပြီးနိဂုံး၌"ဇေစန္ဒ၊ သုညတခု၊ စွန်းမှုပေထာ၊ ကောဇာသက္ကရာဇ် ရောက်လစ်သောအခါတွင်မှ ပေါက္ကံပြည်ကြီးကို ကံကြွေးခံမြတ်၊ နှင်းအပ်သနားတော်မူ၍ ပေါရာဏရှေးသူဟောင်းတို့ စကားအစည်၊ ရာဇဝင်သမိုင်းအရ တွေ့သမျှကို ဘုရားကျွန်တော် ပုဂံမြို့စစ်ကဲရွှေတောင်ရာဇနော်ရထာ၊ မင်္ဂလာနှင့်သြဘာနိမိတ်ကို ရွှေဘဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား"ဟူ၍ တိတိကျကျ ရေးသားထားသည်။

ကျမ်းပြီးနိဂုံးအရ ပုဂံနိဒ္ဒေသသမိုင်းကို ရေးသား ဆက်သွင်းသူမှာ ပုဂံမြို့စစ်ကဲရွှေတောင်ရာဇနော်ရထာဖြစ်ကြောင်း တိတိကျကျသိရသည်။ မည်သည့်မင်းလက်ထက်တွင် ဆက်သွင်းကြောင်းကို ဆက်၍လေ့လာရာ "ဇေစန္ဒ၊ သုညတခု၊ စွန်းမှုပေထာ၊ ကောဇာသက္ကရာဇ် ရောက်လစ်သောအခါ"ဟူ၍ဆိုထားသောကြောင့် သက္ကရာဇ် ၁၂၀၁ ခုနှစ်တွင် ရေးသားဆက်သွင်းခဲ့ကြောင်း သိရသည်။ သက္ကရာဇ် ၁၂၀၁ ခုနှစ်သည် အမရပူရနေပြည်တော်၌ သာယာဝတီမင်းစိုးစံနေချိန်ဖြစ်သည်။ ထို့ကြောင့် ပုဂံနိဒ္ဒေသသမိုင်းကို ရေးသားဆက်သွင်းခဲ့သောမင်းမှာ ကုန်းဘောင်ခေတ် သာယာဝတီမင်းဖြစ်ကြောင်း သိရသည်။ ထို့အတူ ပုဂံမြို့စစ်ကဲရွှေတောင်ရာဇနော်ရထာသည် သာယာဝတီမင်း၏ ကျွန်ယုံတော်တစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

စစ်ချိန်နှုန်းသူ၊ စိုးကဲသိမ်ရာဇာပေါင်းလေးပါးမှာ ဥပဒေသပြု၍ထားတော်မူသည်။ နန်းမြို့အရှေ့မျက်နှာတာပေါင်း ၅၀။ အရှေ့မျက်နှာဘုရား"

အထက်ပါထုတ်နုတ်ချက်ကိုကြည့်ပါက ပုဂံမြို့ အရှေ့မျက်နှာရှိတံခါးအမည်နှင့် အကျယ်အဝန်း၊ တံခါးစောင့်နတ်၊ အရှေ့မျက်နှာ၌ ကြီးစိုးအုပ်ချုပ်တာဝန်ယူရသူ၊ နန်းမြို့တော်နှင့် မြို့ရိုးအကွာအဝေး၊ နန်းမြို့အရှေ့မျက်နှာအကျယ်အဝန်းတို့ကို တိတိကျကျတွေ့ရမည်ဖြစ်သည်။ ထို့ပြင် ပုဂံနိဒ္ဒေသသမိုင်း၌ ပုဂံမြို့ရှိ အစဉ်အဆက်အုပ်ချုပ်ရသူများ၊ ဆိပ်ကမ်းရိုးများစသည်ဖြင့် ပါရှိသည်။

ပုဂံနိဒ္ဒေသသမိုင်းပုရပိုက်သည် ပုဂံမြို့တံခါးအမည်များအကြောင်းကို ပြည့်ပြည့်စုံစုံဖော်ပြထားသည့်

**❖ ပုဂံနိဒ္ဒေသသမိုင်းပုရပိုက်သည် ၁၁ ကြောင်းရေး ပုရပိုက်ဖြစ်သည်။ သက္ကရာဇ် ၂၁၁ ခုနှစ်တွင် ပျဉ်ပြားမင်းတည်ခဲ့သော ပုဂံမြို့အကြောင်းကို အသေးစိတ်ဖော်ပြထားသောကျမ်းဖြစ်သည်။ ကျမ်းအစကို "ဇေယျတု။ ။ ပုဂံမြို့နိဒ္ဒေသအကြောင်း ကောင်းမြတ်သောသြဘာ၊ မင်္ဂလာနိမိတ်စကားကို ရေးသား၍ဆက်ပါသည်ဘုရား"ဟု အစချီထားသည်။ ထို့ကြောင့် ပုဂံနိဒ္ဒေသသမိုင်းသည် ရှင်ဘုရင်ကို ဆက်သရသောကျမ်းဖြစ်ကြောင်း ခိုင်ခိုင်မာမာသိရသည်။ ❖**

"ပုဂံမြို့နိဒ္ဒေသအကြောင်း"ဟူ၍ အစချီထားသဖြင့် ဤကျမ်းသည် ပုဂံမြို့အကြောင်းကို အကျဉ်းကို အကျယ်ပြခြင်း သို့မဟုတ် မကျဉ်းမကျယ်ပြခြင်းဟု အဓိပ္ပာယ်ရသည်။ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်၌ နိဒ္ဒေသကို "အကျဉ်းကို အကျယ်ညွှန်ပြခြင်း"ဟူ၍ ဖွင့်ဆိုထားသည်။ သို့ဖြစ်သောကြောင့် ပုဂံမြို့နိဒ္ဒေသအကြောင်းသည် ပုဂံမြို့အကြောင်း အကျယ်ပြဆိုခြင်းဟု ဆိုရပေမည်။

ပုဂံနိဒ္ဒေသသမိုင်းတွင် ပျဉ်ပြားမင်းလက်ထက် ပုဂံပြည်ကြီးတည်သည့်သက္ကရာဇ်ကို "၂၁၁ ခု၊ ပြာသိုလဆန်း ၆ ရက် ကြာသပတေးနေ့၊ နေ့ ၂ ချက်တီးကျော် ၇ ဘဝါးနှင့် တဗိုဇနာတွင် အဝန်းမြင်းမိုရ်တာ ၁၁၄၂ တာရှိသောမြို့ကို ယတြာသြဘာနိမိတ် ဘိသိက်ခံရာ စည်မျက်နှာနှင့် ပမာမယွင်း ခင်းကျင်းစီရင်၊ ပစ်စင်တုရိုင်၊ တိုင်ကြီးကြဲ့ခိုင်၊ ပြအိုးတန်ဆောင်း၊ ကျုံးမြောင်းသုံးတန်၊ ပတ်ရံသူရဲပြေးနှင့်တကွ၊ အရိမဒ္ဒနာအောင်ချာပူရံ၊ မြို့ပေါက္ကံကို ရဟန်းပညာရှိလေးပါး၊ အမတ်ပညာရှိလေးပါးတို့နှင့် တိုင်ပင်၍ ပျဉ်ပြားမင်းတည်ပါသည်ဘုရား"ဟူ၍ ပုဂံမြို့ပုံစံကို ကွက်ကွက်ကွင်းကွင်းမြင်အောင်ရေးသားထားသည်။

ပုဂံမြို့၏ လေးမျက်နှာအကျယ်အဝန်း၊ တံခါးအမည်နှင့် အကျယ်အဝန်း၊ တံခါးစောင့်နတ်အမည်များကို အသေးစိတ်မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ နန်းတော်တစ်မျက်နှာ၏အကျယ်အဝန်းကိုလည်း တာစာရင်းနှင့်တကွပြဆိုထားသည်မှာ ပုဂံမြို့နန်းတော်ရာသုတေသနပြုချင်သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သောအထောက်အထားဖြစ်သည်။ အရှေ့မျက်နှာ၌ရှိသော တံခါးအမည်နှင့် အကျယ်အဝန်းကို သိသာအောင် ထုတ်နုတ်ပြပါဦးမည်။

"သာရဝတ်တံခါး စောက် ၂ တာ၊ အနံ ၁ တာ၊ ဖက်သဘင်နတ်စောင့်ပါသည်။ သပ္ပရံကာတံခါး စောက် ၂ တာ၊ အနံ ၁ တာ၊ ရွှေပသင်နတ်စောင့်ပါသည်။ သရဘေတံခါး စောက် ၂ တာ၊ အနံ ၁ တာ၊ ရွှေပသင်နတ်စောင့်သည်။ အရှေ့မြောက်ထောင့်ကသည် အရှေ့တောင်ထောင့်ထိ တာပေါင်း ၂၅၃ တာ၊ သပ္ပရံကတံခါးကကို နန်းမြို့ထိ တာပေါင်း ၁၄၉ တာ၊ ယင်းသောမျက်နှာကို မင်းသားရဲကသူ၊ ပြည်စိုးဇယပင်း၊

ရှားပါးမှတ်တမ်းတစ်စောင်ဖြစ်သည်။ ပျဉ်ပြားမင်း၏ ပုဂံမြို့အကြောင်းကို ယခုလောက်ပြည့်စုံအောင် မည်သည့်ရာဇဝင်ကျမ်းများတွင်မှ မတွေ့ရပေ။ ရေးသားဆက်သွင်းရသူမှာလည်း ပုဂံမြို့၌နေထိုင်၍ အမှုထမ်းရသူ စစ်ကဲတစ်ဦးဖြစ်သည်။ ပုဂံမြို့ပုံစံအခြေအနေကို နေ့စဉ်မြင်တွေ့နေရသူဖြစ်သည်။ ထိုသို့သောသူက ရေးသားဆက်သွင်းကာ ရှင်ဘုရင်ကို တင်ပြရခြင်းဖြစ်သည်။ ရှင်ဘုရင်ကိုဆက်သွင်းရသောကြောင့် မဟုတ်မမှန်၊ လိမ်ညာဆက်သွင်းရခြင်းများပါမည်မဟုတ်ပေ။ ကိုယ်တိုင်ကလည်း ပေါရာဏရှေးစကားဟောင်းများ၊ အစဉ်အလာမှတ်သားချက်များ၊ ရာဇဝင်သမိုင်းများကို အထောက်အထားပြုကာ တင်သွင်းရခြင်းဖြစ်ကြောင်း ဝန်ခံထားသည်ကို တွေ့ရသည်။ စာတွေ့၊ လက်တွေ့မြင်ရမှုကို ရေးသားခဲ့သောသမိုင်းဟု ဆိုနိုင်သည်။ ထို့ကြောင့် ပုဂံနိဒ္ဒေသသမိုင်းသည် အားကိုးထိုက်သော မှတ်တမ်းတစ်စောင်ဟု ဆိုနိုင်သည်။

ပုဂံနိဒ္ဒေသသမိုင်းမူကွဲများ ရှိ၊ မရှိရှာဖွေခဲ့ရာတွင် မူကွဲနှစ်မျိုးရှိသေးကြောင်း တွေ့ရသည်။ ထိုမူကွဲနှစ်မျိုးမှာ ပုဂံရာဇဝင်သစ်ကိုပြုစုခဲ့သူ ဆရာဘေမူနှင့် ရွှေကိုင်းသားမူတို့ဖြစ်သည်။ ဆရာဘေထံတွင် ပုဂံနိဒ္ဒေသသမိုင်းတစ်စောင်ရှိကြောင်းကို ပုဂံရာဇဝင်သစ်ကို ဖတ်ကြည့်က သိနိုင်သည်။ ပုဂံရာဇဝင်သစ်တွင် ပုဂံနိဒ္ဒေသမှ သမိုင်းအချက်အလက်များကို ယူငင်အသုံးပြုထားသည်ကို တွေ့ရသည်။ သို့သော်ဆရာဘေလက်ကိုင်ပြုစုခဲ့သည့် ပုဂံနိဒ္ဒေသသမိုင်းကို ယခုရှာဖွေမတွေ့ရတော့ပါ။ ရွှေကိုင်းသားထံရှိသောမူကို ရှာဖွေရာ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် တွေ့ရသည်။ ထိုမဂ္ဂဇင်းတွင် "ပုဂံမြို့သက် နှစ်ပေါင်း တစ်ထောင့်တစ်ရာ့တစ်ဆယ့်တစ်"ဟူသော ဆောင်းပါးခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။ ရွှေကိုင်းသားသည် ပုဂံနိဒ္ဒေသသမိုင်းကို မန္တလေးမြို့တောင်ပြင်မိုးထားဝန်ထောက်မင်းပုရပိုက်မှ ကူးယူထားကြောင်း ဖော်ပြထားသည်။ ကျွန်တော်ရှာဖွေတွေ့ရှိထားသော ပုရပိုက်မူနှင့် ရွှေကိုင်းသားမူကို ညှိနှိုင်းကာ ပုံနှိပ်ထုတ်ဝေရန်ကြိုးစားသွားမည်ဖြစ်သည်။ တန်ဖိုးရှိသော မှတ်တမ်းတစ်စောင်သည် ပျောက်ပျက်၍ မသွားသင့်ပေ။

**ပုဂံမင်းဆက်လက်ာ–အမည်မသိဆရာပြု**

ပုဂံမင်းဆက်လက်ာသည် ပုဂံမင်း ၅၅ ပါး အကြောင်းကို အကျဉ်းရုံး၍မှတ်တမ်းတင်ရေးဖွဲ့ထားသောလက်ာဖြစ်သည်။ လက်ာကို"နောင်လာမှတ်စေ၊ လက်ာဖွေအံ့"ဟူသောစကားဖြင့် အစချီထားသည်။ ဤလက်ာသည် ပုံနှိပ်မူဖြင့်ရှိနေသည်။ ၁၉၇၂ ခုနှစ်တွင် ရသာစာအုပ်တိုက်က ထုတ်ဝေခဲ့သော ဆရာကြီးပုရိသ၏ "မြန်မာ့ရှုခင်း"စာအုပ် စာမျက်နှာ ၉၄ တွင် ပုဂံမင်းဆက်လက်ာဟူသောခေါင်းစဉ်ဖြင့် ပုဂံမင်းဆက်လက်ာကို ဖော်ပြထားသည်။ ပုဂံမင်းဆက်လက်ာမှာ ပိုဒ်ရေ ခုနစ်ပိုဒ်ရှိသည်။ ထိုပုဂံမင်းဆက်လက်ာခုနစ်ပိုဒ်ကို အရကျက်ထားပါက ပုဂံမင်းဆက် ၅၅ ပါးလုံးကို အလွယ်တကူသိနိုင်မည်ဖြစ်သည်။ ထိုပုဂံမင်းဆက်လက်ာကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှန်နန်းရာဇဝင်တော်သစ်ကျမ်းတွင်လည်း နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြခဲ့သည်။

**ပုဂံရာဇဝင်သစ်–ဦးဘေ**

ဦးဘေ၏ ပုဂံရာဇဝင်သစ်သည် ခေတ်မီ၍ရိုးရှင်းစွာရေးထားသော ရာဇဝင်ကျမ်းတစ်စောင်ဖြစ်သည်။ ပုံနှိပ်တိုက်များကလည်း သုံးကြိမ်ခန့်ရိုက်နှိပ်ခဲ့သဖြင့် ရှာဖွေရခက်ခဲသောစာအုပ်မဟုတ်တော့ပေ။ ဦးဘေသည် ပုဂံရာဇဝင်သစ်ကို ၁၉၀၂ ခုနှစ်တွင် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ဦးဘေသည် သူ၏ကျမ်းအမည်ကို ရာဇဝံသဇာလိနီကျမ်းဟု အမည်ပေးထားသည်။ ဦးဘေသည် ပုဂံရာဇဝင်သစ်ကိုရေးရာတွင် ကျမ်းအစောင်စောင်ကွဲလွဲပုံများ၊ မညီညွတ်သည်များကို ကျောက်စာ၊ ရှေးစာဟောင်း၊ သမိုင်းဟောင်းအထောက်အထားများဖြင့် ရှင်းလင်းတင်ပြထားသည်။ ရေးသားတင်ပြပုံမှာလည်း ခေတ်မီရှင်းလင်းလှ၏။ မင်းတစ်ပါး၏အကြောင်းကို စစချင်းစာမျက်နှာများ၌ သာသနာနှစ်၊ ကောဇာနှစ်၊ ခရစ်နှစ်၊ အိမ်နိမ့်၊ နန်းစံ၊ နေ့နံဟူသည့် ခြောက်ချက်ကို အကျဉ်းရုံးပြထားသည်။ ထိုစာလေးမြင်လိုက်သည်နှင့် မင်းတစ်ပါး၏ နန်းတက်သောနှစ်ကို တန်းသိနိုင်သလို အိမ်နိမ့်၊ နန်းစံ၊ နေ့နံတို့ကိုပါသိနိုင်သည်။ ရှင်ဘုရင်တစ်ပါး နန်းတက်နှစ်ကို သာသနာနှစ်၊ မြန်မာသက္ကရာဇ်၊ ခရစ်နှစ်တို့ဖြင့်ဖော်ပြထားသောကြောင့် မင်းတစ်ပါးနန်းတက်နှစ်ကို သက္ကရာဇ်အမှတ်အသားသုံးမျိုးဖြင့် မှတ်သားနိုင်လေသည်။

ပုဂံရာဇဝင်သစ်တွင် ပုဂံမင်း ၅၅ ပါး၏အကြောင်းကို ဖော်ပြထားသည်။ ပုဂံမင်းဆက်များအစ သမုဒိရာဇ်မင်းမှစ၍ နောက်ဆုံး စောမွန်နစ်မင်းထိ ရေးသားဖော်ပြထားသည်။ ပုဂံမင်းဆက်များ၊ ပုဂံမြို့သမိုင်းကို အကျဉ်းမျှ အလွယ်တကူမှတ်သားချင်သူများအဖို့ အလွန်ကောင်းသောကျမ်းဖြစ်သည်။

**နိဂုံးသုံးသပ်ချက်**

ပုဂံရာဇဝင်ကျမ်းများကို ရှာဖွေရာ ၁၂ ကျမ်းမျှ ရှာဖွေတင်ပြနိုင်ခဲ့သည်။ ထိုကျမ်း ၁၂ ကျမ်းတွင် ပုဂံနိဒ္ဒေသသမိုင်း၊ ပုဂံမင်းဆက်လက်ာ၊ ပုဂံရာဇဝင်သစ် သုံးကျမ်းသာ ပုံနှိပ်မူအဖြစ် တွေ့ရသည်။ ကျန်ကိုးကျမ်းတွင် ရှာဖွေတွေ့ရှိရသော ပုဂံရာဇဝင်ကျမ်းမှာ ပုဂံရာဇဝင်(ရှင်ဝဇီရဗုဒ္ဓိ)၊ ပုဂံရာဇဝင်(သက္ကရာဇ် ၁၁၉၅ ခုနှစ် ဘကြီးတော်လက်ထက်ရေး)တို့ဖြစ်သည်။ ရှာဖွေတွေ့ရှိထားသော ပုဂံရာဇဝင်နှစ်စောင်တွင် ရှင်ဝဇီရဗုဒ္ဓိ၏ပုဂံရာဇဝင်မှာ အမျိုးသားစာကြည့်တိုက်၌ရှိသည်။ ဘကြီးတော်လက်ထက် သက္ကရာဇ် ၁၁၉၅ ခုနှစ်ရေး ပုဂံရာဇဝင်မှာ ကျွန်တော့်ထံတွင်ရှိသည်။ စာမူမတွေ့ဘဲ လုံးလုံးပျောက်ဆုံးနေသော ပုဂံရာဇဝင်ကျမ်းမှာ ခုနစ်စောင်တိတိရှိနေသည်။ ထိုပျောက်ဆုံးနေသော ပုဂံရာဇဝင်ကျမ်းခုနစ်စောင်ကို ဝိုင်းဝန်းရှာဖွေကြရန် တိုက်တွန်းချင်သည်။ ကျွန်တော်ရှာဖွေတွေ့ရှိထားသော ဘကြီးတော်လက်ထက်ရေး ပုဂံရာဇဝင်ကျမ်းကြီးကို အများပြည်သူများ၊ သုတေသီများဖတ်ရှုလေ့လာနိုင်ရန် ပုံနှိပ်စာအုပ်ဖြစ်မြောက်အောင် ကြိုးစားသွားမည်ဖြစ်ပါသည်။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စည်းလုံးအင်အား တိုင်းပြည်စွမ်းအား

\- ဘုရားရှင် အရိပ်အောက်
ဝင်ရောက်လို့ နားခိုကာ၊
မြန်မာပြည် သွေးချင်းတို့
ဆွေရင်းပမာ၊
တစ်သုံးငါး တစ်သားတည်းပါ
မခွဲမခွာ အတူတကွ၊
ဘိုးဘွားတွေ အမွေအနှစ်
ထိန်းသိမ်းချစ်ပြ။

\- အတ္တတွေ ခဝါချ
မာနတို့ လွင့်ပြယ်၊
အမုန်းဆို မကြားရ
ချစ်စရှည်ကွယ်၊
တစ်အူထုံ့ဆင်း မေတ္တာဖလှယ်
ချစ်သဒ္ဒါကြွယ် တစ်မြေထဲ(တည်း)၊
တစ်လှေတည်းနေ တစ်ခရီးသွား
လက်မျှားခိုင်မြဲ။

\- တို့တစ်တွေ သွေးသားပဲမို့
အားခဲလို့ ညီညာညာ၊
မြန်မာပြည် တိုးတက်ရေး
ဆွေးနွေးခါခါ၊
ကာယဉာဏ အတတ်ပညာ
ပူးပေါင်းကာ ပြည်အကျိုး၊
သွေးချင်းတွေ ညီညွတ်အားနဲ့
ကြိုးစားသယ်ပိုး။ ။

ချစ်သက်(မြန်မာစာ)

## ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၆၇၅ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၉၆၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၆၆၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ၂၉၆၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော ပဲမျိုးစုံ ၂၉၆၇၅ ဧကတွင် မတ်ပဲ ၂၁၆၅၅ ဧက၊ ပဲတီစိမ်း ဧက ၅၂၈၀၊ ဗိုလ်ကိတ်ပဲ ဧက ၁၁၇၀၊ မြေပဲ ဧက ၁၅၇၀ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံ ၂၆၆၉၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ပဲမျိုးစုံ ၂၉၆၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံတွေအထွက်နှုန်းကောင်းမွန်စေဖို့၊ ရွက်လိပ်ပိုး၊ ရွက်ဖြတ်ပိုး စတဲ့ပိုးမွှားအန္တရာယ်တွေ မကျရောက်စေဖို့၊ အရည်အသွေးကောင်း ပဲသီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ဆက်လက်ပြီး ကွင်းဆင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးပြီးဖြစ်သည့် ဆောင်းသီးနှံပဲများ အထွက်နှုန်းညီစေရန်၊ အရည်အသွေးကောင်းမွန်စေရန်၊ ဈေးကောင်းရရှိစေရန်၊ ဆောလျင်စွာပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဆင်ပေါင်ဝဲမြို့နယ် မြောင်ကြီးကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်နေမှုစစ်ဆေး

**ဆင်ပေါင်ဝဲ မတ် ၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်ကြီးကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် မြောင်ကြီးကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေမှ ငွေကျပ် ၁၀ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သုည ဒသမ ၅၆ သန်း စုစုပေါင်းငွေကျပ် ၁၁ ဒသမ ၀၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်း၏၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

## မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် မတ် ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ နမ့်လန်းကျေးရွာတွင် ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်လန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သိန်း ၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ်သိန်း ၂၁၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ်သိန်း ၉၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို ငွေကျပ်သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **စင်မာ**

## နိုင်ငံတကာ သတင်းများ

# အမေရိကန်နှင့်တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများရပ်တန့်ရန် မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန တိုက်တွန်း



**ပြုံယမ်း မတ် ၆**

ပူးတွဲစစ်ရေး လေ့ကျင့်မှုများ ရပ်တန့်ရန် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ကိုမြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဌာနက မတ် ၅ရက်တွင် တိုက်တွန်းထားသည်။

တောင်ကိုရီးယားနှင့်အမေရိကန် နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု များကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။

ထို့ပြင် ပူးတွဲစစ်ရေးလေ့ကျင့်မှု များကြောင့် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အတွက် နောက်ဆက်တွဲဆိုးကျိုးများ ရှိလာမည်ဖြစ်သည်ဟု မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ သတိပေးထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ၎င်းတို့၏ နှစ်စဉ်ပူးတွဲစစ်ရေး လေ့ကျင့်မှုကို မတ် ၄ ရက်တွင် စတင်ပြုလုပ်ကြောင်း သိရသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှု၌ပါဝင်မည့် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၀၂၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့ဝင် အရေအတွက်ထက် နှစ်ဆပိုများကြောင်း သိရသည်။

ယခုနှစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယား၏စစ်ရေးခြိမ်းခြောက်မှုများကို တားဆီးရေးအတွက် ပြုလုပ်နေသည့်ကာကွယ်ရေးသဘောဆောင်သည့် စစ်ရေးလေ့ကျင့်မှုဖြစ်သည်ဟု တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# မြောက်ပိုင်းနှင့် အနောက်ပိုင်းနယ်မြေများ၌ စစ်အင်အားစုစည်းမှု ရုရှားမြှင့်တင်

**မော်စကို မတ် ၆**

မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့(နေတိုး)က ရုရှားနယ်စပ်များအနီး စစ်အင်အားတည်ဆောက်မှုကိုတုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့၌ စစ်အင်အားစုစည်းမှုမြှင့်တင်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိဂူးက မတ် ၅ ရက်တွင် ပြောကြားခဲ့သည်။

မော်စကိုမြို့၌ ရုရှားစစ်ဘက်ထိပ်တန်းဗိုလ်ချုပ်ကြီးများနှင့်တွေ့ဆုံစဉ် ကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိဂူးက အဆိုပါအတိုင်း ထုတ်ဖော်ပြောကြားထားပြီးဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခပေါ်ပေါက်ခဲ့ပြီးနောက် ရုရှား၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ဖင်လန်နိုင်ငံသည် နေတိုးအုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ကြားနေနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆွီဒင်နိုင်ငံသည်လည်း နေတိုးအဖွဲ့သို့ ဝင်ရောက်ခွင့်ရတော့မည်ဖြစ်သည်။

ထို့ပြင်နေတိုးအဖွဲ့သည် တပ်ဖွဲ့ဝင် ဦးရေ ၂၀၀၀၀ကျော် ပါဝင်မည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို နော်ဝေ၊ ဖင်လန်နှင့် ဆွီဒင်နိုင်ငံတို့၌ ယခုရက်သတ္တပတ်အတွင်း ပြုလုပ်ရန် စီစဉ်ထားသည်။

လက်ရှိအခြေအနေအရ ရုရှားနယ်စပ်များအနီး နေတိုးအုပ်စုက စစ်အင်အားတည်ဆောက်လာနိုင်မှုကြောင့် မဟာဗျူဟာစစ်နယ်မြေများဖြစ်သည့် ရုရှားမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် စစ်အင်အားထပ်မံမြှင့်တင်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကြောင့် ရုရှားနှင့် အနောက်အုပ်စုတို့ကြားဆက်ဆံရေးမှာ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည်အရေးအခင်း နောက်ပိုင်း အဆိုးရွားဆုံးအဆင့်သို့ ကျရောက်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# လာမည့်ဇူလိုင် ၂၈ ရက်တွင် ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲကျင်းပမည်

**ကာရာကတ်စ် မတ် ၆**

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲကို ယခုနှစ်ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းဗင်နီဇွဲလား အမျိုးသားရွေးကောက်ပွဲကော်မရှင်က မတ် ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါသမ္မတရွေးကောက်ပွဲတွင် လက်ရှိ ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

သို့သော် အတိုက်အခံညွန့်ပေါင်းအုပ်စုအား ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတလောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာမသိရသေးကြောင်း သိရသည်။

ဗင်နီဇွဲလားအတိုက်အခံအုပ်စုက ရွေးချယ်ထားသည့် သမ္မတလောင်း မာရီယာကိုရီနာမာချာဒိုကို ဗင်နီဇွဲလား တရားလွှတ်တော်ချုပ်က ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ထားသည်။

မာရီယာကိုရီနာမာချာဒိုသည် အတိုက်အခံအုပ်စုက ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ကျင်းပခဲ့သော ညွန့်ပေါင်းအုပ်စုကိုယ်စားပြုသမ္မတလောင်း ရွေးချယ်ပွဲ၌ အနိုင်ရထားသူဖြစ်သည်။

သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများအနေဖြင့် မတ် ၂၅ ရက်နောက်ဆုံးထား၍ မှတ်ပုံတင်ရန် လိုအပ်ကြောင်း သိရသည်။

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲကျင်းပမည့်နေ့သည် ၂၀၁၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ဗင်နီဇွဲလားသမ္မတဟောင်း ဟူဂိုချာမက်ဇ်၏ မွေးနေ့ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဓနသဟာယနိုင်ငံများအသင်းအခမ်းအနား ဗြိတိန်ဘုရင် ချားလ်-၃ လွှဲချော်မည်

**လန်ဒန် မတ် ၆**

ဗြိတိန်ဘုရင် ချားလ်-၃သည် လာမည့်ရက်သတ္တပတ်များအတွင်း ကျင်းပမည့် ဓနသဟာယနိုင်ငံများ အသင်းနေ့ အခမ်းအနားများကို လွှဲချော်မည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က မတ် ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အသက် ၇၂ နှစ်အရွယ် ချားလ်ဘုရင်-၃ သည် ပြီးခဲ့သည့်လအတွင်း ကင်ဆာရောဂါတစ်မျိုး စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဘုရင်လုပ်ငန်းတာဝန်များမှ အနားယူနေရသည်။

ချားလ်ဘုရင်-၃ သည် ဗြိတိန်ထီးနန်းကို ဆက်ခံရရှိပြီး ၁၈လအကြာတွင် ကင်ဆာရောဂါတစ်မျိုး စစ်ဆေးတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေအရ ချားလ်ဘုရင်-၃ သည် ဝက်စ်မင်စတာဘုရားကျောင်း၌ မတ် ၁၁ ရက်တွင် ကျင်းပမည့် ဓနသဟာယနိုင်ငံများ အသင်းအခမ်းအနားများသို့ တက်ရောက်နိုင်မည် မဟုတ်ကြောင်း ဘက်ကင်ဟမ်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ချားလ်ဘုရင်-၃ သည် နိုင်ငံပေါင်း ၅၆ နိုင်ငံပါဝင်သည့် ဓနသဟာယနိုင်ငံများအသင်း၏ အကြီးအကဲဖြစ်သည်။

ချားလ်ဘုရင်-၃ ခံစားနေရသော ကင်ဆာရောဂါနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဘက်ကင်ဟမ်နန်းတော်က ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းလူမျိုးများအတွက် လေကြောင်းမှရိက္ခာချမှု အမေရိကန်စစ်ဘက်ထပ်မံပြုလုပ်

**ဝါရှင်တန် မတ် ၆**

အမေရိကန်စစ်ဘက်သည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းလူမျိုးများအတွက် ရိက္ခာအကူအညီများကို မတ် ၅ရက်တွင် လေကြောင်းမှတစ်ဆင့် ထပ်မံချပေးခဲ့ကြောင်း သိရသည်။



အမေရိကန်စစ်လေယာဉ်များအနေဖြင့် မတ် ၅ ရက်တွင် ဂါဇာပြည်သူများအတွက် ရိက္ခာထုပ် ၃၆၈၀၀ ကို လေထီးများဖြင့် ချပေးခဲ့သည်ဟု အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် ဂါဇာစစ်ပွဲကာလအတွင်း အစ္စရေးစစ်ဘက်၏ထိုးစစ်များကြောင့်ဂါဇာလူဦးရေ ၂ ဒသမ ၅ သန်းအနက် အများစုမှာ အိုးအိမ်များ စွန့်ခွာခဲ့ရပြီး လက်ရှိတွင်လည်း အငတ်ဘေးနှင့်ရင်ဆိုင်ရမည့်အခြေအနေတွင်ရှိသည်။

အမေရိကန်နိုင်ငံသည် ဂါဇာကမ်းမြောင်အတွက် လေကြောင်းမှရိက္ခာချထားမှုကို မတ် ၂ ရက်တွင် ပထမဆုံးအကြိမ် လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံအပြင် ဂျော်ဒန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံအပါအဝင် အခြားနိုင်ငံများကလည်း ဂါဇာဒေသအတွက် လေကြောင်းမှတစ်ဆင့်ရိက္ခာချထားမှုများ ပြုလုပ်လျက်ရှိသည်။

ငါးလ ကြာမြင့်နေပြီဖြစ်သည့် ဂါဇာစစ်ပွဲအတွင်း အစ္စရေးထိုးစစ်များကြောင့် ပါလက်စတိုင်း ဦးရေ ၃၀၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ဂါဇာကမ်းမြောင်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ CAPSTONE ကျူဆက်ဂြိုဟ်တု လပတ်လမ်းအတွင်းရောက်ရှိချိန် ရက်ပေါင်း ၄၅၀ ကျော်လွန်ခဲ့ပြီဖြစ်



**ဝါရှင်တန် မတ် ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ CAPSTONE အမည်ရှိ ကျူဆက်ဂြိုဟ်တု လပတ်လမ်းအတွင်းရောက်ရှိချိန်မှာ ရက်ပေါင်း ၄၅၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

CAPSTONE ကျူဆက်ဂြိုဟ်တုသည် လပတ်လမ်းအတွင်း ရောက်ရှိခဲ့ပြီးနောက် ရက်ပေါင်း ၄၅၀ ကျော်လာပြီဖြစ်သည့်တိုင် အနာဂတ် လမစ်ရှင်များအတွက် စမ်းသပ်မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် Lunar Gateway အမည်ရှိ လပတ်အာကာသယာဉ်တည်ဆောက်ရေးအတွက် ပတ်လမ်းစမ်းသပ်မှုများ ပြုလုပ်ရေးအတွက် CAPSTONE ကျူဆက်ဂြိုဟ်တုကို ၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်သည် CAPSTONE ဂြိုဟ်တု လပတ်လမ်းအတွင်း ရောက်ရှိမှု ရက်ပေါင်း ၄၅၀ ပြည့်သည့်နေ့ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် CAPSTONE ဂြိုဟ်တုသည် လကို အနီးဆုံးမှတ်တွင် မိုင် ၉၃၀ ကွာဝေးပြီး အဝေးဆုံးမှတ်တွင် မိုင် ၄၃၀၀၀ ကွာဝေးသည့်ပတ်လမ်းပေါ်တွင် နေရာယူ၍ လကိုလှည့်ပတ်လျက်ရှိသည်။

CAPSTONE ဂြိုဟ်တုသည် ယခုနှစ် မေလထိ လပတ်လမ်းစမ်းသပ်မှုမစ်ရှင်ကို ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တီယန်ကောင်းအာကာသစခန်းပေါ်ရှိ တရုတ်အာကာသယာဉ်မှူးများက အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ နေစွမ်းအင်ပြားပြင်ဆင်မှုများ ပြုလုပ်ခဲ့

**ပေကျင်း မတ် ၆**

တီယန်ကောင်း အာကာသစခန်းပေါ်ရှိ တရုတ်အာကာသယာဉ်မှူးများသည် မတ် ၂ ရက်တွင် အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ နေစွမ်းအင်ပြား ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ် ၂ ရက် မစ်ရှင်သည် ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများ၏ ဒုတိယအကြိမ်မြောက် အာကာသစခန်းပြင်ပ ထွက်ခွာမှုဖြစ်သည်။

တရုတ် အာကာသယာဉ်မှူးနှစ်ဦးတို့သည် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ မတ် ၂ ရက်တွင် ရှစ်နာရီကြာထွက်ခွာခဲ့ပြီး နေစွမ်းအင်ပြားများကို ပြုပြင်ခဲ့ကြောင်း တရုတ်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



တရုတ်အာကာသယာဉ်မှူးများသည် နေစွမ်းအင်ပြားများကို ပြင်ဆင်ရာတွင် စက်ရုပ်လက်တံ၏ အကူအညီကိုလည်း ရယူခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး-၁၇ မစ်ရှင်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်၎င်းတို့၏ပထမဆုံးအာကာသစခန်းပြင်ပထွက်ခွာမှုကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာအတွင်း ပထမဆုံးပေါ်ထွက်လာသည့် ကြယ်စုတစ်ခု ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မတ် ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာအတွင်း ပထမဆုံးပေါ်ထွက်လာသည့် ကြယ်စုတစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

GN-Z11 ဟူ၍ အမည်ပေးထားသည့် ၎င်းကြယ်စုသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီး နှစ်ပေါင်းသန်း ၄၃၀ အကြာတွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

GN-Z11 ကြယ်စု၏ ဗဟိုချက်တွင် နေအစင်းပေါင်း နှစ်သန်း၏ ဒြပ်ထုနှင့်ညီမျှသည့် ဒြပ်ထုပမာဏကို ပိုင်ဆိုင်ထားသော မဟာအာကာသ တွင်းနက်တစ်ခုတည်ရှိကြောင်းလည်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် GN-Z11 ကြယ်စုကို NIRCam အမည်ရှိ ကင်မရာစနစ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

GN-Z11 ကြယ်စုသည် စကြဝဠာ၏ ရှေးအကျဆုံးကြယ်စုများထဲတွင်ပါဝင်နိုင်သည်ဟု ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နာဆာအဖွဲ့သည် စကြဝဠာ၏ သမိုင်းဦးကို လေ့လာရေးအတွက် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၁ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အစာခြေလမ်းကြောင်းစနစ်ရောဂါခံစားနေရသူများကို ခုခံအားစနစ်ကုထုံးဖြင့် ရောဂါလက္ခဏာလျှော့ချပေးနိုင်

**လန်ဒန် မတ် ၆**

Crohn's Disease အမည်ရှိ အစာခြေလမ်းကြောင်းစနစ် ရောင်ရမ်းမှုရောဂါ ခံစားနေရသူလူနာများကို ရောဂါဖြစ်စတွင် ခုခံအားစနစ် ကုထုံးတစ်မျိုးဖြင့် ရောဂါလက္ခဏာ လျှော့ချပေးနိုင်ကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

Crohn's ရောဂါစတင်စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် Infliximab အမည်ရှိ ခုခံအားစနစ်ကုထုံးတစ်မျိုးဖြင့် ကုသပေးပါက လူနာများ၏ ရောဂါလက္ခဏာများ လျော့ပါးလာနိုင်ကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Infliximab ကုထုံးကို စောစောစီးစီး ရယူခဲ့သော Crohn's လူနာများအနက် ၈၀ ရာခိုင်နှုန်းခန့်မှာ ရောဂါလက္ခဏာများ သိသိသာသာ လျော့ပါးသွားကြောင်း သိရသည်။

အခြားကုထုံးများရယူခဲ့သည့် Crohn's လူနာများတွင်မူ ၁၅ ရာခိုင်နှုန်းတွင်သာရောဂါလက္ခဏာများ သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လေ့လာတွေ့ရှိချက်များအရ Crohn's ရောဂါကို Infliximab ဆေးဖြင့် စောစောစီးစီး ကုသခြင်းဖြင့် ကုသမှုရလဒ်များပိုကောင်းလာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူနာ ၃၈၆ ဦးတို့ကို Infliximab ဆေးဖြင့် စမ်းသပ်မှုများပြုလုပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သွေးအတွင်းသံဓာတ်ကျဆင်းမှုကြောင့် ကိုဗစ်ရောဂါ ကင်းစင်သွားသည့်တိုင် ရောဂါလက္ခဏာဆက်ခံစားရနိုင်

**လန်ဒန် မတ် ၆**

ကိုဗစ်ရောဂါ ကူးစက်ခံရသူများ သွေးအတွင်းသံဓာတ်ပါဝင်မှုအဆင့် ကျဆင်းလာမှုကြောင့် ကိုဗစ်ရောဂါ ကင်းစင်သွားသည့်တိုင် ကိုဗစ်ရောဂါလက္ခဏာများကို ဆက်လက် ခံစားရနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မတ် ၅ ရက် သတင်းများအရ သိရသည်။

ကိုဗစ်ရောဂါ လူနာအများအပြားမှာ ကိုဗစ်ရောဂါကင်းစင်သွားသည့်တိုင် မောပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမဝခြင်း စသည့် ကိုဗစ်ရောဂါ လက္ခဏာများကို ဆက်လက်ခံစားခဲ့ကြရသည်။

ထိုသို့ ကိုဗစ်ရောဂါကင်းစင်သွားသည့်တိုင် ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ဆက်ခံစားရမှုပြဿနာမှာ ဆေးပညာရှင်များအနေဖြင့် အဖြေရှာနေကြဆဲပြဿနာဖြစ်သည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ကိုဗစ်ရောဂါကူးစက်ခံခဲ့ရပြီးနောက် သွေးအတွင်းသံဓာတ်နည်းပါးလာမှုသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရမှု၏ အကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားကြရသူ ၂၁၄ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာတွေ့ရှိချက်များအရ အဆိုပါလူနာများ၌ ဗိုင်းရပ်ကူးစက်ခံခဲ့ရပြီး သီတင်းနှစ်ပတ်အတွင်း ရောင်ရမ်းမှုပြဿနာနှင့်အတူ သွေးအတွင်း သံဓာတ်လျော့ပါးလာမှုကိုပါ ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# လာမည့်နွေရာသီတွင် အဓိက ကစားသမားတစ်ဦး ရောင်းချသွားမည်ဟု အေဗီလာအသင်းထုတ်ပြန်



**လန်ဒန် မတ် ၆**

အေဗီလာအသင်းသည် ပြီးခဲ့သည့်နှစ် ဘဏ္ဍာရေးရှင်းတမ်းတွင် စတာလင်ပေါင် သန်း ၁၂၀ နီးပါး အရှုံးပေါ်ခဲ့သောကြောင့် လာမည့်နွေရာသီတွင် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဂျက်ကော့ရမ်ဆေး ဒေါက်ကလပ်လူးဝစ်နှင့် လူးကပ်ဒင်ဂီတို့မှ တစ်ဦးဦးကို ရောင်းချသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အေဗီလာအသင်းသည် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်က ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်ခဲ့ရာ စတာလင်ပေါင် ၁၁၉ ဒသမ ၆ သန်းအရှုံးပေါ်ခဲ့ပြီးနောက် ယခုနှစ်ဘဏ္ဍာရေးရှင်းတမ်းကို လာမည့် ဇွန် ၃၀ ရက်မှ ပိတ်သိမ်းမည်ဖြစ်သော်လည်း အသင်းအနေဖြင့် သုံးနှစ်တာကာလ အတွင်း စတာလင်ပေါင် ၁၀၅ သန်းထက် အရှုံးပေါ်ခဲ့ပါက ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ချမှတ်ထားသည့်ရမှတ်လျှော့ပြစ်ဒဏ်နှင့် အခြားပြစ်ဒဏ်များ ကျခံရမည်ဖြစ်သောကြောင့် လာမည့်နွေရာသီတွင် အဓိက ကစားသမားတစ်ဦး ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား ဂျက်ကော့ရမ်ဆေး၊ ဒေါက်ကလပ်လူးဝစ်နှင့်ခံစစ်ကစားသမား လူးကပ်ဒင်ဂီတို့ သုံးဦးမှ တစ်ဦးကိုရောင်းချရန် စီစဉ်ထားပြီး ဂျက်ကော့ရမ်ဆေးကို ပရီးမီးယားလိဂ်ပြိုင်ဘက် နယူးကာဆယ်အသင်းကခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အေဗီလာအသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ထိ အလိုရှိနေသည်။

ယခင်က အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ကာမာရာကို စတာလင်ပေါင် သန်း ၅၀ ကျော်ဖြင့်ရောင်းချရန် စီစဉ်ထားသော်လည်း ကစားသမားအနေဖြင့် ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူနေရပြီး လာမည့်နွေရာသီထိ ဒဏ်ရာပျောက်ကင်းမည် မဟုတ်သဖြင့် ကမ်းလှမ်းသည့်အသင်းမရှိခဲ့သောကြောင့် ပထမပွဲထွက်လူစာရင်းမှ အဓိက ကစားသမားများကိုရောင်းချကာ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# MNL League Cup 2024 ပြိုင်ပွဲ
## အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ပြီး ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်မှ ကလပ်အသင်းများ၊ မြန်မာနေရှင်နယ်လိဂ်-၂ မှ ကလပ်အသင်းများနှင့် အပျော်တမ်းလိဂ်မှ ခြေစစ်ပွဲအောင်မြင်သည့်အသင်းများဖြင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများမစတင်မီ ကျင်းပခြင်းဖြစ်သည်။

MNL League Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာ အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့်ရတနာပုံအက်ဖ်စီ အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ Silver Star အသင်းနှင့် ရေဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရေဝတီယူနိုက်တက် အသင်းက လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက် အသင်းနှင့် Dagon Port အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ YUSC အားကစားကွင်း၌ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**




# Badminton Asia South East Asia(Under 17&15)Regional Junior Championship 2024 ပြိုင်ပွဲ ကစားသမားရွေးချယ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၆**

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် မေ ၂၂ ရက်မှ ၂၆ ရက်ထိကျင်းပမည့် Badminton Asia South East Asia(Under 17 &15) Regional Junior Championship 2024 ပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ပွဲကို လာမည့် ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Badminton Asia South East Asia(Under 17& 15) Regional Junior Championship 2024 ပြိုင်ပွဲတွင် ရွေးချယ်ခံရမည့် ကစားသမားများသည် နိုင်ငံကူးလက်မှတ်(အနီ)ကိုင်ဆောင်ထားသူဖြစ်ရမည်ဖြစ်ပြီး အသက် ၁၅ နှစ်အောက် ကစားသမားများသည် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်းနှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီမွေးဖွားသူများဖြစ်ရမည်။

အလားတူ ရွေးချယ်ခံရမည့် အသက် ၁၇ နှစ်အောက် ကစားသမားများသည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်းနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ မွေးဖွားသူများ ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအဖြစ် ကစားသမား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ရွေးချယ်ခံရသည့်ကစားသမားများ အနေဖြင့် Badminton Asia South East Asia (Under 17&15) Regional Junior Championship 2024 ပြိုင်ပွဲ သွားရောက်ကစားရန် အသွားအပြန်လေယာဉ်စရိတ်ကို ကစားသမားကိုယ်တိုင် ကျခံရမည်ဖြစ်ပြီး ပြိုင်ပွဲကာလ ခြောက်ရက်ကို စီစဉ်ပေးသွားမည်ဖြစ်ကာ ခြောက်ရက်ထက်ပိုပါက နေထိုင်စားသောက်စရိတ်ကို မိမိဘာသာကျခံရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါကစားသမားရွေးချယ်ပွဲဝင်ရောက်လိုသူများအနေဖြင့် ဧပြီ ၁ရက် ညနေ ၅ နာရီနောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၈၉၉၆၆၇၅၅၀ သို့မဟုတ် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တွင် လူကိုယ်တိုင်လာရောက်ဆက်သွယ်မေးမြန်း နိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# The Open Championship ပြိုင်ပွဲဝင်များ
## အသက်ကန့်သတ်ချက်ကို ပြင်ဆင်ကြောင်းထုတ်ပြန်

**တရှန်း မတ် ၆**

စကော့တလန်နိုင်ငံ တရှန်းမြို့တွင်ကျင်းပမည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည့်ပြိုင်ပွဲဝင်များ၏ အသက်ကန့်သတ်ချက်ကို ပြင်ဆင်ကြောင်း Royal & Ancient (R&A) အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် အသက် ၆၀ နှစ်ပြည့်သည်ထိ ပြိုင်ပွဲဝင်နိုင်သည့် စည်းမျဉ်းကို ကျင့်သုံးခဲ့သော်လည်း ယခုနှစ်မှစ၍ အသက် ၅၅ နှစ်နှင့်အောက်ရှိ ကစားသမားများကိုပါ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ဗြိတိန်ဂေါက်သီးရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဦးဆောင်ကျင်းပပေးနေသည့် Royal & Ancient (R&A) အဖွဲ့အစည်းသည် ၂၀၀၇ ခုနှစ်တွင် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဝင် ကစားသမားများ၏ အသက်ကို ၆၅ နှစ်မှ ၆၀ နှစ်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ပြီးနောက် ယခုနှစ်တွင် ထပ်မံပြင်ဆင်သတ်မှတ်ခဲ့ခြင်းလည်းဖြစ်သည်။

The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်သီးရိုက်လောက၏ သက်တမ်းအရင့်ဆုံးသော ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်ပြီး အရှိန်အဝါရှိသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

Royal & Ancient (R&A) အဖွဲ့အစည်းသည် ပြိုင်ပွဲကိုပို၍ အကြိတ်အနယ်ရှိလာစေရန်အတွက် အသက်ကန့်သတ်ချက်ကို ထပ်မံပြင်ဆင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# တားမြစ်ဆေးဝါးသုံးစွဲမှုစွပ်စွဲချက်ကြောင့် ပြိုင်ပွဲများဖြင့်လွဲချော်ခဲ့ရသည့် ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဟောင်းဆီမွန်နာ ပြိုင်ပွဲဝင်ခွင့်ပြန်ရမည်ဟုဆို



**လောဆန်နီ မတ် ၆**

တားမြစ်ဆေးဝါး သုံးစွဲထားမှု စွပ်စွဲချက်ကြောင့်တင်းနစ်ပြိုင်ပွဲများဖြင့်လွဲချော်ခဲ့ရသည့် ရိုမေးနီးယားတင်းနစ်မယ်ဆီမွန်နာသည် ရည်ရွယ်ချက်ရှိရှိ တားမြစ်ဆေးဝါးသုံးစွဲခဲ့ခြင်းမဟုတ်သည့်အတွက် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရာမှ ကိုးလပြစ်ဒဏ်သို့ လျှော့ချသတ်မှတ်လိုက်ကြောင်း ဆွစ်ဇာလန်နိုင်ငံ လောဆန်နီမြို့တွင် အခြေစိုက်သည့် အားကစားခုံသမာဓိရုံးက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဆီမွန်နာသည် ၂၀၂၂ ခုနှစ် ကတည်းက တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် တင်းနစ်ပြိုင်ပွဲများ ဖြင့်လွဲချော်ခဲ့ရပြီး အားကစားခုံသမာဓိရုံး၏ မူလပြစ်ဒဏ်အရ ၂၀၂၆ ခုနှစ်မှသာ တင်းနစ်ပြန်ကစားခွင့်ရမည်ဖြစ်သော်လည်း ဆီမွန်နာက အယူခံဝင်ခဲ့ရာ အားကစားခုံသမာဓိရုံးက ပြန်လည်စစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် ဆီမွန်နာသည် တားမြစ်ဆေးဝါးကို ရည်ရွယ်ချက်ရှိရှိသုံးစွဲခဲ့ခြင်းမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ဆီမွန်နာသည် ဖြည့်စွက်စာအနေဖြင့် သောက်သုံးခဲ့သည့် ဆေးဝါးအတွင်း တားမြစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ချုပ်ကကန့်သတ်ထားသော ဆေးအမျိုးအစားပါဝင်နေခြင်းဖြစ်ပြီး အဆိုပါဖြည့်စွက်စာ ထုတ်လုပ်သည့် ကုမ္ပဏီတွင်သာ တာဝန်ရှိကြောင်း ပြောကြားခဲ့ပြီး ဆီမွန်နာအနေဖြင့်လည်း အဆိုပါကုမ္ပဏီကို တရားစွဲဆိုမှုပြုလုပ်ရန် ပြင်ဆင်လာကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ယူကရိန်းပဋိပက္ခအတွင်း စစ်နွံနစ်လာသော NATO

မောင်စိန်အိ(နဘဲမြေ)



NATO အဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် ငြင်းဆန်နေမည်ဆိုလျှင် ယူကရိန်းသို့ရောက်ရှိနေသော တပ်ဖွဲ့ဝင်များကိုမည်သည့်အတွက်ကြောင့် ပြန်လည်ခေါ်ဆောင်ခြင်းမရှိသေးသလဲဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ်က ဂျာမနီအနေဖြင့် ယူကရိန်းနိုင်ငံသို့ Taurus အမျိုးအစား တာဝေးပစ်ခရုဇ်ဒုံးကျည်များ ပေးပို့ကူညီသွားမည် မဟုတ်ကြောင်း၊ ထိုသို့ ကူညီသွားမည်ဆိုလျှင် ၎င်းဒုံးကျည်များ ကိုင်တွယ်ပစ်ခတ်နိုင်ရေးအတွက် ဂျာမနီတပ်ဖွဲ့များကိုပါ စေလွှတ်ပေးသွားရမည်ဖြစ်ကြောင်း၊ ဗြိတိန်အနေဖြင့် ယူကရိန်းနိုင်ငံကို ကူညီထားသည့် Storm Shadow အမျိုးအစားဝေဟင်ပစ်ဒုံးကျည်များ ကိုင်တွယ်ပစ်ခတ်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များကိုပါ စေလွှတ်ထားရလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ထို့ကြောင့် ဗြိတိန်သည် ဝန်ကြီးချုပ်အိုလက်ဖ်ရှုဇ်အား ထောက်လှမ်းရေး သတင်းအချက်အလက်များကို ချိုးဖောက်ခဲ့ကြောင်း ပြစ်တင်ဝေဖန်စွပ်စွဲပြောကြားခဲ့သည်။ ယူကရိန်းတွင်ရောက်ရှိနေသော NATO တာဝန်ရှိသူများနှင့် လေ့ကျင့်ရေးသမားများသည် Patriot နှင့် NASAM လေကြောင်းရန်ကာကွယ်ရေးစနစ်၊ HIMARS ဘက်စုံသုံးရော့ကတ်စနစ်၊ ဗြိတိန်-ပြင်သစ်ထုတ် Storm Shadow ခရုဇ်ဒုံးကျည်နှင့် အခြားသောလက်နက်စနစ်များ ကိုင်တွယ်ပစ်ခတ်နည်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယူကရိန်းနိုင်ငံတွင်ရောက်ရှိနေသော NATO နိုင်ငံများမှ တပ်ဖွဲ့ဝင်အင်အားအတိအကျကို မသိရှိရသော်လည်း အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ပိုလန်နှင့်အခြားသောနိုင်ငံများမှရောက်ရှိနေသော တပ်ဖွဲ့ဝင်အများအပြားရှိနေသည်ဆိုသောအချက်မှာ သံသယဝင်ရန်ပင်မလိုအပ်ချေ။ ယူကရိန်းသို့ရောက်ရှိနေသော NATO တပ်ဖွဲ့ဝင်များအား သေဆုံး၊ ဒဏ်ရာရရှိသည့်အချိန်တွင် ဖုံးကွယ်ထားသဖြင့် မထင်မရှားဖြင့် ပျောက်ကွယ်သွားလေ့ရှိသည်။ ၎င်းတို့၏အခန်းကဏ္ဍများကို ဆေးဘက်ဆိုင်ရာ သို့မဟုတ် လူမှုရေးတာဝန်ထမ်းဆောင်သူများအဖြစ် ဖော်ပြခြင်းခံရသည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် ဖေဖော်ဝါရီ ၂၉ ရက်တွင် နှစ်စဉ်ပြောနေကျ နိုင်ငံတော်အခြေပြမိန့်ခွန်းကို ၂ နာရီကြာပြောဆိုခဲ့သည်။ ပူတင်က ယူကရိန်းနိုင်ငံသို့ NATO ၏တပ်ဖွဲ့ဝင်များစေလွှတ်မှုသည် နျူကလီးယားစစ်ပွဲကို ဦးတည်စေနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။ ရုရှားနိုင်ငံ၏အောင်မြင်မှုများကို ဟန့်တားနိုင်ရေးအတွက် ယူကရိန်းသို့ NATO တပ်ဖွဲ့များစေလွှတ်သွားရေးနှင့်စပ်လျဉ်း၍ ပြင်သစ်သမ္မတအင်မြူရယ်မက်ခရွန်၏သဘောထားမှတ်ချက်အပေါ် ပူတင်က တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။ မက်ခရွန်၏ သဘောထားမှတ်ချက်သည် EU ခေါင်းဆောင်များကြား ဆွဲဆောင်မှုမရရှိသည့်အချိန်တွင် ယူကရိန်းနိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းသည် NATO- ရုရှားတင်းမာမှုများကိုသာ ဖြစ်ပေါ်စေနိုင်ကြောင်းကို EU ဖိုရမ်တွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။

NATO အဖွဲ့သည် ကာလအတန်ကြာထိ ယူကရိန်းပဋိပက္ခကို မီးလောင်ရာလေပင့်လုပ်ဆောင်ခဲ့သည်။ သာဓကအနေဖြင့် ရုရှားတပ်ဖွဲ့များကို ယူကရိန်းပိုင်နက်နယ်မြေမှ မောင်းထုတ်နိုင်ရေးအကူအညီပေးရာတွင် ပြဿနာကိုသာ ပိုမိုကြီးထွားစေခဲ့သည်။ စင်စစ်အားဖြင့် NATO အဖွဲ့သည် ရုရှားနိုင်ငံကို ရည်ရွယ်လျက် NATO တပ်ဖွဲ့ဝင်များနှင့် လက်နက်များအတွက် အခြေစိုက်စခန်းများရှာဖွေနေကြောင်းကို အထောက်အထားများ တွေ့ရှိထားသည်။ နယူးယောက်တိုင်းသတင်းစာ၏အဆိုအရ အမေရိကန်သည် ရုရှားနယ်စပ်အနီး ယူကရိန်းပိုင်နက်နယ်မြေတွင် CIA အခြေစိုက်စခန်း ၁၂ ခု တပ်ဖြန့်ချထားပြီးဖြစ်သည်ဟု ဆိုသည်။

တစ်ချိန်တည်းမှာပင် NATO အဖွဲ့သည် ရုရှားတွင် အုပ်ချုပ်သူပြောင်းလဲရေးအတွက် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း၊ အမေရိကန်သည် ပူတင်၏တည်နေရာ အတိအကျကို ထောက်လှမ်းရှာဖွေနိုင်ရေးအတွက် ပူတင်၏ဝန်ထမ်းများနှင့်လုပ်ဖော်ကိုင်ဖက်များ၏ဖုန်းများကို ခြေရာခံနိုင်ရန် အဆင့်မြင့်နည်းပညာများ အသုံးပြုလျက်ရှိကြောင်း Wired Magazine က ဖော်ပြထားရှိသည်။

အမှန်တကယ် ယူကရိန်းနိုင်ငံကို ကူညီနေသော အမေရိကန်နှင့် NATO အဖွဲ့သည် ရုရှားခေါင်းဆောင်များနှင့် စစ်ဘက်ဆိုင်ရာခေါင်းဆောင်များကို ချေမှုန်းရာတွင် နက်ရှိုင်းစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ NATO အဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံတွင် ရုရှားနိုင်ငံကိုချေမှုန်းနိုင်ရေးထက် အုပ်ချုပ်သူပြောင်းလဲရေးအတွက် ကြိုးပမ်းနေသည်မှာ သံသယဝင်ရန်မလိုသောကိစ္စပင်ဖြစ်သည်။

ပူတင်အနေဖြင့် NATO အဖွဲ့ ဦးဆောင်သောစစ်ဆင်ရေးသည် ၎င်းကိုပစ်မှတ်ထားလျက်ရှိကြောင်းကို ကောင်းစွာနားလည်သဘောပေါက်ထားပြီးဖြစ်သည်။ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုသည် ပူတင်ကိုသတ်ဖြတ်ရန် ကြိုးပမ်းမှုများစွာရှိခဲ့သည်။ ထိုကြိုးပမ်းမှုများအနက် တစ်ခုမှာကရင်မလင်ရှိ ပူတင်၏ရုံးကို ဒရုန်းဖြင့်တိုက်ခိုက်ခြင်းပင်ဖြစ်သည်။ အမေရိကန်ဦးဆောင်သော NATO အဖွဲ့အနေဖြင့် ပူတင်၏တည်နေရာကိုရှာပြီးနောက် လုပ်ကြံရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ အခြားသာဓကတစ်ခုမှာ လွန်ခဲ့သောခြောက်နှစ်က ယူကရိန်းနိုင်ငံတွင် အထူးစစ်ဆင်ရေးမဆင်နွှဲသေးမီ ပူတင်၏ဇိမ်ခံကားသည် ရုရှားမြို့ပတ်လမ်း၌ တိုက်ခိုက်ခံခဲ့ရသည်။ ပူတင်၏ယာဉ်မောင်းဖြစ်သူသည် သေဆုံးခဲ့သော်လည်း ထိုအချိန်တွင် ပူတင်သည် ကံကောင်းထောက်မစွာပင် ကားအတွင်း၌ရှိမနေခဲ့ပေ။ ထို့ကြောင့် ထောက်လှမ်းရေး သတင်းအချက်အလက်အားလုံးကို မှီခိုအားထားနိုင်စွမ်းရှိမည်မဟုတ်ချေ။ ရုရှားနိုင်ငံ၏ပြည်တွင်းနိုင်ငံရေးသမားများအနေဖြင့်လည်း ပူတင်အား လုပ်ကြံမှုတွင် ပါဝင်ပတ်သက်မှုများရှိနေသည့်အချိန်တွင် ပူတင်အနေဖြင့် NATO ခေါင်းဆောင်များနှင့် ယူကရိန်းခေါင်းဆောင်များ၏ အလိုကျလိုက်ပါဆောင်ရွက်ခြင်းမရှိခဲ့ပေ။

အနောက်တိုင်းထောက်လှမ်းရေးအေဂျင်စီများ၊ ပညာရှင်များနှင့် ယူကရိန်းနိုင်ငံ ကိုယ်တိုင်ပင်လျှင် ယူကရိန်းနိုင်ငံ၏ ဆိုးရွားလာသောအခြေအနေနှင့် လာမည့်သုံးလအတွင်း ချေမှုန်းခံရနိုင်ကြောင်း သတင်းများကို ရရှိထားသည်။ အဆိုပါသတင်းသည် ဥရောပခေါင်းဆောင်များကို တပ်လှန့်မှုဖြစ်စေခဲ့သည်။ ထို့ကြောင့် မက်ခရွန်အနေဖြင့် ပြင်သစ်တွင် EU အရေးပေါ်အစည်းအဝေးပြုလုပ်နိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရသည်။

အဆိုပါအစည်းအဝေး၌ ဥရောပနိုင်ငံများက ၎င်းတို့အနေဖြင့် ယူကရိန်းနိုင်ငံကို တာဝေးပစ်လက်နက်ကြီးများ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုကြခဲ့သော်လည်း ဂျာမနီအနေဖြင့် Taurus ဒုံးကျည် ကူညီရေးနှင့်စပ်လျဉ်း၍ သဘောတူညီခဲ့ခြင်းမရှိပေ။ ဂျာမနီအနေဖြင့် ရုရှား၏တုံ့ပြန်ဆောင်ရွက်လာနိုင်မှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည့်အပြင် ရုရှားနိုင်ငံက ဂျာမနီအစိုးရကို ၎င်းတို့အနေဖြင့် အန္တရာယ်ဇုန်ကို ကျော်လွန်လာပြီဖြစ်ကြောင်း ပြတ်ပြတ်သားသား သတိပေးထားသောကြောင့်ပင်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ယူကရိန်းနိုင်ငံသို့ NATO တပ်ဖွဲ့များစေလွှတ်မှုနှင့် လက်နက်များပေးပို့မှုအပေါ် ရုရှား၏ စိုးရိမ်ပူပန်မှုသည် ပိုမိုကြီးထွားလာလျက်ရှိသည်။ အချို့သောလက်နက်များသည် ရုရှားမြို့ကြီးများကို ချိန်ရွယ်ထားသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ပူတင်က ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ပိုင်ဆိုင်ထားရှိကြောင်း၊ NATO အဖွဲ့အနေဖြင့် ရုရှားနိုင်ငံကိုတိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များအသုံးပြုသွားရန် ဆန္ဒရှိကြောင်းထုတ်ဖော်ကြေညာခြင်းတို့က ရုရှားအပေါ် NATO အဖွဲ့၏ခြိမ်းခြောက်မှုသည် သတ်မှတ်မျဉ်းကို ကျော်လွန်လာပြီဖြစ်ကြောင်း သတိပေးပြောကြားလျက်ရှိသည်။

စင်စစ်အားဖြင့် ရုရှားနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ အနာဂတ်စီမံကိန်းတွင် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်အသုံးပြုရန် အခွင့်အလမ်းနည်းပါးလျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံတစ်ခုမှ ကျူးကျော်လာသည့်အချိန်မှသာ နျူကလီးယားလက်နက်အသုံးပြုသွားရန် ပြင်ဆင်ထားရှိသည်။ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခတွင် နျူကလီးယားလက်နက် သုံးစွဲသွားဖွယ်ရာရှိသည်ဆိုသော အချက်မှာ ကောလာဟလမျှသာဖြစ်သည်။ သို့သော် NATO အဖွဲ့အနေဖြင့် ရုရှားပိုင်နက်နယ်မြေကိုခြိမ်းခြောက်မှု ပိုမိုမြင့်တင်လာမည်ဆိုလျှင် သို့တည်းမဟုတ် ကျူးကျော်တိုက်ခိုက်ရန် အစီအမံများရှိနေမည်ဆိုလျှင် နျူကလီးယားလက်နက်အသုံးပြုနိုင်မှုသည် ရုရှားခေါင်းဆောင်များ၏စိတ်တွင်သာ ရှိနေမည်ဖြစ်သည်။

NATO အဖွဲ့ကိုယ်တိုင်သည်ပင်လျှင် ရုရှားနိုင်ငံနှင့် စစ်ဆင်နွှဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် နည်းလမ်းမရှိသေးပေ။ လက်ရှိအချိန်သည် ယူကရိန်းပဋိပက္ခမတိုင်မီကာလကထက်ပင် ကြိုတင်ပြင်ဆင်နိုင်ရန်ခက်ခဲလာပြီဖြစ်သည်။ အကြောင်းမူကား NATO အဖွဲ့သည် ယူကရိန်းသို့ အရေးပါသောစစ်လက်နက်ပစ္စည်းများတင်ပို့ခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံများတွင် ခဲယမ်းများ၊ သံချပ်ကာနှင့် ဒုံးကျည်များကဲ့သို့သော အရေးပါသည့် ကာကွယ်ရေးပစ္စည်းများ လျော့နည်းလာနေပြီဖြစ်သည်။ ထို့ထက်ပိုဆိုးသည်မှာ NATO ခေါင်းဆောင်များသည် တင်းမာမှုများမြင့်တက်လာစေရန် ရုရှားခေါင်းဆောင်များကို မခံချိမခံသာဖြစ်အောင်လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ NATO အဖွဲ့သည် သမားရိုးကျတိုက်ခိုက်မှုကိုခုခံနိုင်စွမ်းမရှိသဖြင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ခုခံတိုက်ခိုက်နိုင်ရန် ပိုမိုခက်ခဲနေမည်ဖြစ်ပေသည်။

**❖ NATO အဖွဲ့ကိုယ်တိုင်သည်ပင်လျှင် ရုရှားနိုင်ငံနှင့်စစ်ဆင်နွှဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် နည်းလမ်းမရှိသေးပေ။ လက်ရှိအချိန်သည် ယူကရိန်းပဋိပက္ခမတိုင်မီကာလကထက်ပင် ကြိုတင်ပြင်ဆင်နိုင်ရန် ခက်ခဲလာပြီဖြစ်သည်။ အကြောင်းမူကား NATO အဖွဲ့သည် ယူကရိန်းသို့ အရေးပါသောစစ်လက်နက်ပစ္စည်းများ တင်ပို့ခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံများတွင် ခဲယမ်းများ၊ သံချပ်ကာနှင့် ဒုံးကျည်များကဲ့သို့သော အရေးပါသည့် ကာကွယ်ရေးပစ္စည်းများ လျော့နည်းလာနေပြီဖြစ်သည်။ ❖**

စင်စစ်အားဖြင့် NATO အဖွဲ့သည် ခံစစ်စနစ်မဟုတ်ဘဲ ထိုးစစ်အပြုအမူပုံစံဖြင့် ဟန်ဆောင်ရပ်တည်လျက်ရှိသော်လည်း အခက်အခဲအကျပ်အတည်းများစွာကို ရင်ဆိုင်ရလျက်ရှိသည်။ NATO အဖွဲ့သည် အရှေ့ဥရောပနှင့် ဖင်လန်ထိ ၎င်း၏နယ်မြေကိုချဲ့ထွင်နိုင်ခဲ့ပြီး ယူကရိန်းထိတိုးချဲ့သွားရန် ရည်မှန်းဆောင်ရွက်လာခဲ့သည်။ သို့သော် ရုရှားနိုင်ငံသည် ယူကရိန်းထိ နယ်မြေချဲ့ထွင်လာမည့် NATO အဖွဲ့၏ ရည်မှန်းချက်ကိုလက်မခံဘဲ ပြတ်ပြတ်သားသား တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် NATO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီနှင့်ပြင်သစ်တို့သည် ယူကရိန်းပဋိပက္ခအတွင်း တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးကူညီနေရာမှ ကိုယ်ပိုင်ကာကွယ်ရေးအတွက် စစ်အင်အားချည့်နဲ့လာလျက်ရှိသဖြင့် တဖြည်းဖြည်း စစ်နွံနစ်လာပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **NATO needs to pull its soldiers from Ukraine By Asia Times.**
- **NATO is a mess and the Russians are winning By Asia Times.**

# ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကား Premier Show ပြုလုပ်



**ရန်ကုန် မတ် ၆**

ဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကား Premier Show ကို မတ် ၅ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ပွင့်သီဂီဇော်(အရှဏ်ဦး)က ပြောပြ၍ သိရသည်။

ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုဇာတ်လမ်းကို မယ်ခိုင်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပွင့်သီဂီဇော်(အရှဏ်ဦး)က ဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ၂၀၂၀ ပြည့်နှစ်လောက်က ရိုက်ထားတာပါ။ တကယ်လဲ စိတ်ကျေနပ်ရတဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားမှာ ပါဝင်ထားတဲ့ သရုပ်ဆောင်တွေ အားလုံးကလဲ တစ်ခန်းမှကိုမလျှော့ဘဲ ကြိုးစားထားတာပါ"ဟု ဒါရိုက်တာ ပွင့်သီဂီဇော်က ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ပိုင်တံခွန်၊ ကောင်းမြတ်စံ၊ ဖွေးဖွေး၊ ယွန်းဝတီလွင်မိုးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# စာတိုက်ပုံး ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂၄ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် မတ် ၆**

စာတိုက်ပုံး ရုပ်သံဇာတ်လမ်းတွဲကို မတ် ၂၄ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

စာတိုက်ပုံး ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဆူးခက်မင်းက ရေးသားထားပြီး ဒါရိုက်တာ သားညီနှင့် တွဲဖက်ဒါရိုက်တာ ဝင်းမြင့်ဦးတို့က တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက လွန်ခဲ့တဲ့ အနှစ် ၃၀ ခန့်က မေတ္တာမျှခဲ့ကြတဲ့ ဖိုးဝနဲ့မေဦးဆိုတဲ့ ငယ်သူငယ်ချင်းနှစ်ယောက်ရှိခဲ့တယ်။ သူတို့နှစ်ယောက်ရဲ့ ပေးစာတွေကို အမှတ်မထင်ဖတ်မိရာကနေ ဒီအကြောင်းအရာတွေကို အခြေခံပြီး အချစ်ဝတ္ထု ရေးသားဖန်တီးဖို့ စာရေးဆရာ နေသော်ဆိုသူက ကြိုးစားခဲ့တယ်။ ဒီဝတ္ထုကိုရေးသားဖို့ ကြိုးစားနေရင်း စာရေးဆရာ နေသော်မှာ အန္တရာယ်တွေနဲ့ကြုံတွေ့လာရပါတော့တယ်။ ဒီပေးစာတွေရဲ့နောက်ကွယ်မှာ ထူးခြားဆန်းပြားတဲ့ ဘယ်လိုအကြောင်းအရာတွေ ရှိနေခဲ့တာလဲဆိုတာ ဖန်သားပြင်မှာ ဆက်လက်ကြည့်ရှုပေးကြပါ"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။




အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ဇမ္ဗူ၊ သားညီ၊ နေရှိုင်း၊ တော်မီဟန်၊ ရှိုင်းထက်၊ မြတ်ကေသီအောင်၊ ပွင့်နဒီမောင်၊ မှူးထိပ်ထား၊ ဆုစန္ဒီဖြိုး၊ ယမင်းအိအိဇော်၊ ယမင်းကျော်၊ အဲလစ်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# သူတို့ရွာ ဇာတ်လမ်းတွဲကို ပြင်ဦးလွင်မြို့နယ်တွင် ရိုက်ကူးသွားမည်

**ရန်ကုန် မတ် ၆**

HTL ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် သူတို့ရွာ ဇာတ်လမ်းတွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ဇာတ်အိမ်တည်ကာ မတ် ၁၀ ရက်မှစ၍ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးမည့်ဒါရိုက်တာ ဟန်ဇာမိုးဝင်းက ပြောပြ၍ သိရသည်။



သူတို့ရွာ ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သင်းနုံ့သာ ရေးသားထားပြီး ဒါရိုက်တာ ဟန်ဇာမိုးဝင်းက တာဝန်ယူ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ဒါရိုက်တာတစ်ယောက်အနေနဲ့ ရိုက်ဖြစ်တဲ့ ပွဲဦးထွက်ဇာတ်လမ်းတွဲလေးကို ပရိသတ်တွေလဲ သဘောကျစေမဲ့ ပျော်ရွှင်စရာ၊ ချစ်စရာကောင်းတဲ့ ကျေးလက်ဟာသကားလေးပုံစံဖန်တီးကြမှာပါ။ ဇာတ်လမ်းလေးကို သူငယ်ချင်း သင်းနုံ့သာက သေချာရေးပေးထားတယ်။ ကျွန်တော်တို့အားလုံး ကြိုးစားအားထုတ်ကြမဲ့ ဇာတ်လမ်းတွဲလေးကို အားပေးကြပါလို့ပြောချင်ပါတယ်။ လာမဲ့ မတ် ၁၀ ရက်က စတင်ပြီးတော့ ပြင်ဦးလွင်က စီသာကျေးရွာဘက်မှာ ဇာတ်အိမ်တည်ရိုက်ကူးသွားမှာဖြစ်တယ်"ဟု ဒါရိုက်တာ ဟန်ဇာမိုးဝင်းက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို မတ် ၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်(အောင်မြေ)တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သူတို့ရွာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟန်ဇာမိုးဝင်း၊ သိန်းလင်းစိုး၊ ရှိုင်းထက်၊ စွမ်းရည်စိုးမင်း၊ ချမ်းချမ်းမိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Bad Boy-4 တွင် ယာကော့ဆစ်ပီရိုက အာမန်ဒိုအာရီးတက်အဖြစ် ပြန်လည်ပါဝင်ထား

**နယူးယောက် မတ် ၆**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Bad Boy-4 ဇာတ်ကားတွင် မင်းသား ယာကော့ဆစ်ပီရိုက ဗီလိန်ဇာတ်ကောင် အာမန်ဒိုအာရီးတက်အဖြစ် ပြန်လည်ပါဝင်သရုပ်ဆောင်ထားကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

မင်းသား ယာကော့ဆစ်ပီရိုသည် Bad Boy's For Life (2020) တွင်လည်း အာမန်ဒိုအာရီးတက်အဖြစ် သရုပ်ဆောင်ခဲ့ပြီး Bad Boy-4 ဇာတ်ကားသစ်တွင် ဆစ်ပီရိုသည် မင်းသား ဝီစမစ်၊ မာတင်လောရင့်တို့နှင့်အတူ ပြန်လည်လက်တွဲရမည်ဖြစ်သည်။

Bad Boy-4 ဇာတ်ကားကို ဒါရိုက်တာ အဒီးအယ်အာဘီနှင့် ဘီလာဖာလားတို့က ရိုက်ကူးပေးထားကြောင်း၊ အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ရုပ်ရှင်ထုတ်လုပ်သူ ဂျာဘရော့ဟိုင်းမားက ထုတ်လုပ်သူအဖြစ် တာဝန်ယူထားကြောင်း သိရသည်။

Bad Boy-4 ဇာတ်ကားကို ယခုနှစ် ဇွန် ၇ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# Wonka ဇာတ်ကား ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်

**နယူးယောက် မတ် ၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Wonka ဇာတ်ကားသည် ရုံတင်ပြီး သီတင်း ၁၂ ပတ်ကြာမြင့်သည့်တိုင် ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နေကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

Wonka ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် မတ် ၄ ရက်တွင် အမေရိကန်ဒေါ်လာ ၆၂၄ သန်းထိ ရရှိထားကြောင်း၊ Wonka ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Wonka ဇာတ်ကားသည် ချောကလက်ပြုလုပ်သူ လူငယ်လေးတစ်ဦး၏ ဘဝစွန့်စားခန်းများကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် လျှို့ဝှက်ဆန်းကြယ် ဂီတဇာတ်မြူးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Wonka ဇာတ်ကားကို ဒါရိုက်တာပေါလ်ကင်းကရိုက်ကူးပေးထားပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၂၅ သန်းသုံးစွဲခဲ့ရကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်၊ ဟက်ဂရန့်နှင့် မင်းသမီး အိုလီဗီယာကိုးမင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Vessels need to take care of sandbanks in driving along water course in Ayeyawady River



Boats and ships moored on the beach of Ayeyawady River.

**Mandalay March 6**

U Ye Tun Lin Aung assistant director of Mandalay Region Department of Water Resources and Improvement of River Systems warned that all vessels need to take drive in water courses of Ayeyawady River for dodging sandbanks between Mandalay and Kyaukmyaung.

As now is time of declining water level in the river, water courses are changing in the river. The water level in the river is under the warning level, emerging sandbanks between Mandalay and Kyaukmyaung.

"Currently, cargo and passenger vessels need to take care of their driving for sandbanks in the river," he added.

Sandbanks emerge in the river between Mandalay and Kyaukmyaung. So, vessels need to drive water course by checking water navigation signs in the river and on the banks.

The Department of Meteorology and Hydrology issued a warning at 6.30 am on 27 February, showing that water level of Myitkyina was at 227 centimetres high, Bhamo 465 cm, Shwegu 320 cm, Katha 398 cm and Mandalay 234 cm.

184

# Wheat produced from Kalay marketable in Mandalay market

**Mandalay March 6**

Wheat which flowed from Kalay to Mandalay market is in high demand of local consumers, said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Depot).

Currently, quality wheat flows into Mandalay market, gaining high demand with proper trading.

"Quality wheat from Kalay of Sagaing Region flows into Mandalay market which receives market offers from other regions and merchants. So, trading of new wheat from Kalay is high in Mandalay market," he explained.

On 23 February, wheat from Kalay fetched K180,000 per 60-viss bag in Mandalay market.

Demand of such kind of wheat is high due to offer from various townships. So, wheat trading resurges in Mandalay market.

184

# Farmers in Shwebo District sow over 10,000 acres of green beans this year

**Shwebo March 6**

More than 10,000 acres of green beans have been planted during this year's winter crop planting season in Shwebo District, Sagaing Region, according to statistics from the Department of Agriculture for Shwebo District.

In the 2023-2024 winter planting season, 11,030 acres of green beans have been earmarked for planting in Shwebo District. Since October 2023, 10,807 acres have been planted.

"In the cultivation of green beans, there is education to expand cultivation and to use good varieties for good yield," said Daw Zar Zar Min, Deputy Director of Department of Agriculture for Shwebo District.

The acreage of green beans planted in Shwebo District is as per following: 6,289 acres in KhinU Township and 4,518 acres in Wetlet Township.

The relevant Department of Agriculture for the township has provided trainings for green bean farmers to choose a good variety suitable for the region, to have correct planting method, to control pest, to use fertilizers properly and to have a good yield.

206



A green bean plantation.

# U.S. holds "Super Tuesday" primaries with voters concerned about leading candidates

**Washington March 6**

Polls begin to open in more than a dozen U.S. states on the so-called "Super Tuesday" as part of the 2024 presidential primaries, with voters concerned about the leading candidates of both parties.

Fifteen states, including California, Massachusetts, North Carolina, and Texas, as well as the U.S. territory of American Samoa, are scheduled to hold primary elections on "Super Tuesday" while Iowa Democrats will release the results of their presidential caucus on the same day.

Both Democratic President Joe Biden and Republican front-runner Donald Trump aim to secure a series of "Super Tuesday" wins, but neither will be able to collect enough delegates to claim the title of "presumptive nominee."

Tuesday's primaries could also represent the last chance for former South Carolina Governor and former U.S. Ambassador to the United Nations Nikki Haley's attempt to challenge Trump for the Republican presidential nomination.

U.S. media outlets estimate that the earliest date Trump can clinch his party's presidential nomination is March 12 while the earliest Biden can is March 19.

A majority of American adults are concerned about both Biden's and Trump's mental capability to serve effectively as U.S. president, according to findings from a new survey by The Associated Press-NORC Center for Public Affairs Research. Xinhua




A voter casts his ballot during 2024 presidential primaries at a polling station in Arlington, Virginia, the United States, March 5, 2024.

# World Insights: U.S. "Super Tuesday" underscores high-stakes rematch between Biden, Trump

**Washington March 6**

U.S. President Joe Biden and former President Donald Trump swept to victory in their respective party's presidential primaries on "Super Tuesday" when over a dozen states held primary elections, increasing the likelihood of a rematch between the two.


"Super Tuesday" is the biggest day for the primary race of the 2024 U.S. presidential election, when approximately one-third of all delegates to the Republican or Democratic conventions are to be distributed.

Fifteen states, including populous California and Texas, and the U.S. territory of American Samoa, held primary elections on the day. Iowa Democrats released the results of their presidential caucus earlier on the day.

As all the other candidates are trailing far behind, it's now almost certain that there will be a rematch between Biden and Trump.

"A rematch means the stakes are high for America," Brookings Institution Senior Fellow Darrell West told Xinhua, as "the visions Trump and Biden have for the country are radically different." Xinhua

# Mandalay Region draws local and foreign travellers more than twice before


Foreign visitors seen at an ancient Buddhist temple in Mandalay.

**Mandalay March 6**

The number of local and foreign travellers has more than doubled to the ancient cultural heritage area in Mandalay Region in 2023, according to the Directorate of Hotels and Tourism for Mandalay Region.

More than 1.2 million locals and 125,548 foreign tourists arrived in Mandalay Region during 2022. In 2023, the arrival of local travellers was more than 2.1 million and the arrival of foreign tourists was 315,277, which is more than double. At the beginning of 2024, the arrival of local travellers was 189,823 and the arrival of foreign tourists was 27,961, said U Min Maung Soe, Deputy Director of the Directorate of Hotels and Tourism for Mandalay Region.

As the number of tourists is increasing year by year, all those involved in the tourism industry are working together to create destinations that are compatible with the tourists who arrive. The development of the national interest from tourism can actually be achieved depending on the ability to properly manage. 185

# Cultivation of 42,622 acres of winter oil crops cultivated in Yamethin Township

**Yamethin March 6**

U Aung Myo Thant, Head of Yemethin Township Agriculture Department, disclosed that local farmers have so far grown 42,622 acres of winter crops in Yamethin Township of Mandalay Region.

The township earmarked 27,720 acres of winter groundnut, sesame and sunflower this season starting from the third week of October 2023. They have grown 42,622 acres of winter oil crops so far, exceeding the target cultivation.

"This winter, Yamethin Township grew oil crops. The Agriculture Department expands sown acreage of crops in financial years in order to ensure oil sufficiency. Our department provides quality strains of oil crops in relevant seasons, agricultural techniques and post-harvest technologies," he explained.

This winter, township planted 17,435 acres of groundnut, 1,625 acres of sesame and 23,562 acres of sunflower, totalling 42,622 acres of oil crops with efforts of farmers to boost per-acre yield as per the instructions of the department. 185


An oil crop plantation.

# Farmers in Monywa District sow 31,460 acres of winter sunflower crops

**Monywa March 6**

A total of 31,460 acres of sunflower crops have been planted in Monywa District of Sagaing Region during the winter crop planting season, according to statistics from Department of Agriculture for Monywa District.

In the 2023-2024 winter crop planting season, 31,141 acres of sunflower crops have been earmarked for planting in Monywa District, and 31,460 acres have already been planted.

"We can plant more than the target acres for sunflower cultivation. More winter sunflower crops are planted than rain sunflower crops," said Daw San San Myint, head of the Department of Agriculture for Monywa District.

The cultivation of sunflower crops by townships is as per following: 7,775 acres in Monywa Township, 18,120 acres in Budalin Township, 2,725 acres in Ayadaw Township, and 2,840 acres in ChaungU Township, totaling 31,460 acres.

During the winter crop planting season of 2023-2024, Monywa District has allocated 7,745 acres in Monywa Township, 18,020 acres in Budalin Township, 2,745 acres in Ayadaw Township, and 2,631 acres in ChaungU Township to plant winter sunflower crops.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to conduct GAqP course for fish farmers in Mandalay Region

**Mandalay March 6**

The good aquacultural practice (GAqP) course will be conducted for fish farmers residing in Mandalay Region in the first week of March, said U Tun Naung Win, assistant director of Thayetgon fishery camp in Mandalay Region.

The training course will be opened under the instructions of the Department of Fisheries. In this regard, the course will comprise knowledge and techniques of breeding fish in GAqP and basic fish farming process. The course aims to enable fish farmers to breed healthy and quality fingerlings to produce pedigree fish species.

"The training course is with purpose for those interested in fish farming process. We will share knowledge and techniques about GAqP system for farming freshwater fish species. It will last for three days. Thanks to the course, local fish farmers will have correct techniques of fish farming. The course will admit 20 trainees at Thayetgon fishery camp," he disclosed.

The course will improve capacity of fish farmers and those interested in fish farming process to systematically operate freshwater fish farming and safely feed fish as well as produce fingerlings. 185


A GAqP training course being conducted.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက A-50 AWACS လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်များပြန်လည်ထုတ်လုပ်ရန်စီစဉ်



ရုရှားနိုင်ငံပိုင် ကော်ပိုရေးရှင်း Rostec သည် A-50 Airborne Warning and Control System (AWACS) လေကြောင်းကြိုတင် သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ် ပြန်လည်ထုတ်လုပ်ရန်စီစဉ်နေကြောင်း အဆိုပါကော်ပိုရေးရှင်း အကြီးအကဲ Sergei Che-mezov က ကြေညာခဲ့သည်ကို Army Recognition သတင်းဌာနက မတ် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပဏာမခြေလှမ်းသည် ရုရှားစစ်ဘက်၏ လိုအပ်ချက်များနှင့် ပို့ကုန်ဈေးကွက်ရှိ လေယာဉ်များ၏ သမိုင်းကြောင်းနောက်ခံအရ တုံ့ပြန်လုပ်ဆောင်လာခဲ့ခြင်းလည်း ဖြစ်သည်။ A-50 ကို ထောက်လှမ်းရေး စွမ်းရည်အတွက် အဓိကအသုံးပြုထားပြီး စစ်ဆင်ရေးများတွင် ကွပ်ကဲမှုနှင့်ထိန်းချုပ်မှု အတွက် မရှိမဖြစ် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်စွမ်းရှိသည်။

မကြာသေးမီက စစ်ဆင်ရေးအတွေ့အကြုံများအရ တိုက်ပွဲတပ်ဖြန့်လုပ်ဆောင်မှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင်မှုများဖြင့် A-50 ကို A-50U သို့ အဆင့်မြှင့်တင်ခြင်းများနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်များအပြီးတွင် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ဤကြိုးပမ်းအားထုတ်မှုတွင် နိုင်ငံပိုင်ကော်ပိုရေးရှင်း Rostec လက်အောက်ခံ ကုမ္ပဏီခွဲများဖြစ်သော Vega နှင့် TANTK ဒီဇိုင်းဗျူရိုတို့ကြား ပူးပေါင်းဆောင်ရွက်မှုများပါဝင်ပြီး အမျိုးမျိုးသောပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် စိစစ်ခွဲခြားခြင်းများလုပ်ဆောင်နိုင်ရန် ကြိုတင်သတိပေးလေယာဉ်၏ စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

Beriev A-50 ဟုလည်း ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပြီး ဆိုဗီယက်ခေတ်ထုတ် လေကြောင်းချီကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်မှု (AEW&C) လေယာဉ်အမျိုးအစားဖြစ်သည်။ Beriev A-50 လေယာဉ်သည် Tupolev Tu-126 "Moss" နေရာတွင် အစားထိုးဝင်ရောက်ခဲ့သည့် လေယာဉ်လည်းဖြစ်သည်။ ရုရှားနိုင်ငံ Ilyushin Il-76 သယ်ယူပို့ဆောင်ရေးလေယာဉ်ကို အခြေခံ၍ တည်ဆောက်ထားသော A-50 သည် ၁၉၇၈ ခုနှစ်တွင် ကောင်းကင်ပေါ်သို့ ပထမဆုံး ရောက်ရှိပျံသန်းနိုင်ခဲ့သည်။ Adolf Tolkachev ၏ ထုတ်ဖော်မှုကြောင့် ထိုနှစ်တွင်ပင် အနောက်အုပ်စုက ဆိုဗီယက်တို့၏ ကြိုတင်သတိပေးရေးလေယာဉ်ကိုသိရှိလာခဲ့သည်။ A-50 လေယာဉ်ကို ၁၉၈၅ ခုနှစ်တွင်တရားဝင် စတင်တပ်တော်ဝင်အသုံးပြုခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် လေယာဉ်အစင်းရေ ၄၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။

လေယာဉ်ကိုယ်ထည်ပေါ်ရှိ ကိုးမီတာအချင်းရှိ Rotodome အတွင်းတွင် တပ်ဆင်ထားသော ကြီးမားသည့် Liana စောင့်ကြည့်ထောက်လှမ်းရေးရေဒါ ပါဝင်ဖွဲ့စည်းထားသည်။ ဤစနစ်သည် လေကြောင်းပစ်မှတ်များကို ကီလိုမီတာ ၆၅၀၊ မြေပြင်ပစ်မှတ်များကို ကီလိုမီတာ ၃၀၀ ထိ ထောက်လှမ်းနိုင်သည်။ A-50 သည် ဝေဟင်မှဝေဟင်၊ ဝေဟင်မှ မြေပြင်သို့ ကြားဖြတ်တိုက်ခိုက်ခြင်းများအပါအဝင် စစ်ဆင်ရေးအမျိုးမျိုးအတွက် တိုက်လေယာဉ် ၁၀ စင်းထိ ထိန်းချုပ်လုပ်ဆောင်နိုင်စွမ်းရှိသည်။ ပျံသန်းမှုကြာချိန် ၄ နာရီနှင့် ၎င်း၏အခြေစိုက်စခန်းမှ ခရီးအကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ စစ်ဆင်ပျံသန်းနိုင်သည်။ အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ မက်ထရစ်တန် ၁၉၀ ဖြစ်ပြီး Il-78 ဆီဖြည့်လေယာဉ်များဖြင့် ဝေဟင်တွင် ဆီဖြည့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

A-50 တွင်အသုံးပြုထားသည့် Vega-M ရေဒါစနစ်သည် ကီလိုမီတာ ၂၃၀ အတွင်း ပစ်မှတ် ၁၅၀ ထိ တစ်ပြိုင်နက် ခြေရာခံနိုင်မည်ဖြစ်သည်။ ၎င်းရေဒါစနစ်သည် စစ်သင်္ဘောများကဲ့သို့ ပစ်မှတ်ကြီးများကို အကွာအဝေး ကီလိုမီတာ ၄၀၀ ထိ ခြေရာခံနိုင်သည်။

A-50 လေယာဉ်သည် အလျား ၄၉ ဒသမ ၅၉ မီတာ၊ တောင်ပံ ၅၀ ဒသမ ၅ မီတာနှင့် အမြင့် ၁၄ ဒသမ ၇၆ မီတာရှိပြီး လေယာဉ်အမှုထမ်း ၁၅ ဦး တာဝန်ထမ်းဆောင်နိုင်သည်။ လေယာဉ်သီးသန့်အလေးချိန်မှာ ကီလိုဂရမ် ၇၅၀၀ ဖြစ်ပြီး အမြင့်ဆုံးပျံတက်နိုင်မှု အလေးချိန်မှာ ကီလိုဂရမ် ၁၇၀၀၀၀ ဖြစ်သည်။ လေယာဉ်တွင် Soloviev D-30KP Turbofan အင်ဂျင်လေးလုံး၊ အင်ဂျင်တစ်လုံးစီတွင် တွန်းအား ၁၁၇ ဒသမ ၆၈ kN ရှိပြီး အမြင့်ဆုံးအမြန်နှုန်း တစ်နာရီ ကီလိုမီတာ ၉၀၀၊ အကွာအဝေး ကီလိုမီတာ ၇၅၀၀ နှင့် အမြင့် မီတာ ၁၂၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Russia to restart A-50 AWACS aircraft production due to significant losses in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အိန္ဒိယနိုင်ငံက VSHORADS လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

အိန္ဒိယ၏ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) သည် မကြာသေးမီက VSHORADS လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သည့် အဆိုပါစမ်းသပ်မှုတွင် VSHORADS ဒုံးကျည်သည် Odisha ကမ်းရိုးတန်းရှိ မြန်နှုန်းမြင့်ဒရုန်းပစ်မှတ်များကို ထိထိရောက်ရောက် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

Odisha ကမ်းရိုးတန်းတွင် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုသည် အိန္ဒိယနိုင်ငံ ပြည်တွင်းထုတ် ကာကွယ်ရေးနည်းပညာအတွက် အရေးပါသော မှတ်တိုင်တစ်ခုလည်းဖြစ်သည်။ အနီးကပ် လေကြောင်းခြိမ်းခြောက်မှုများကိုတန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် VSHORADS လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်သည် အခြေအနေအမျိုးမျိုးတွင် မြန်နှုန်းမြင့် ဒရုန်းများကိုကြားဖြတ်ဟန့်တားနိုင်သည့် စွမ်းရည်ကိုပြသနိုင်ခဲ့ကြောင်း သိရသည်။

ဤစမ်းသပ်မှုအောင်မြင်ခဲ့ခြင်းသည် ခေတ်မီသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် DRDO ၏ ကတိကဝတ်ကိုအလေးပေးဖော်ပြနေခြင်းလည်း ဖြစ်သည်။ ဒရုန်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကြီးထွားလာခြင်းကြောင့် VSHORADS ဒုံးကျည်စမ်းသပ်မှုသည် အိန္ဒိယနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးယန္တရားကို ခိုင်မာအားကောင်းလာစေရန် အတွက် အရေးကြီးသောလုပ်ဆောင်ချက်တစ်ရပ်ပင်ဖြစ်သည်။ ဒေသတွင်းကာကွယ်ရေးစစ်လက်နက်ပစ္စည်းများထုတ်လုပ်မှုကို ဦးစားပေးဆက်လက်လုပ်ဆောင်နေသောကြောင့် ယခုလိုအောင်မြင်စွာစမ်းသပ်နိုင်ခဲ့မှုသည် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးစက်မှုလုပ်ငန်းအခန်းကဏ္ဍတွင် အိန္ဒိယ၏ အဆင့်တန်းရှိသော ရပ်တည်ချက်ကို ထပ်မံအတည်ပြုပေးနိုင်ခဲ့ခြင်းဟုလည်း ဆိုနိုင်သည်။

VSHORAD သည် အနီးကပ်ဝင်ရောက်လာနိုင်သည့် ဝေဟင်အန္တရာယ်များကိုကာကွယ်ရန် ဒီဇိုင်းထုတ်ထားသော တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှအစပြု၍ ၎င်းကို တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် (SHORAD) နှင့် အလွယ်တကူလူသယ်ယူနိုင်သော လေကြောင်းရန်ကာကွယ်ရေးစနစ် (MANPADS) အဖြစ် အမျိုးအစားခွဲခြားမှု သတ်မှတ်ခဲ့ခြင်းလည်းဖြစ်သည်။

ပေါ့ပါးမှုနှင့် သယ်ဆောင်ရလွယ်ကူသည့် VSHORADS ဒုံးကျည်သည် ခန့်မှန်းခြေအားဖြင့် ၂၀ ဒသမ ၅ ကီလိုဂရမ် အလေးချိန်ရှိပြီး အရှည် နှစ်မီတာရှိသည်။ အချင်း မီလီမီတာ ၉၀ နှင့် တောင်ပံ ၃၂ စင်တီမီတာရှိပြီး စစ်မြေပြင်တွင် အလွယ်တကူသယ်ယူရလွယ်ကူစေရန်နှင့် တပ်ဖြန့်အသုံးပြုနိုင်ရန်ဒီဇိုင်းထုတ်ထားသည်။ တွန်းကန်အားစနစ်ကို Dual-Thrust ဒုံးကျည်မော်တာဖြင့် မောင်းနှင်ထားပြီး အမြင့်ဆုံးအမြန်နှုန်း Mach 1.5 ထိ ပျံသန်းတိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး ထိရောက်အကွာအဝေးသည် မီတာ ၂၅၀ မှ အမြင့်ဆုံးပျံသန်းနိုင်မှုမှာ မီတာ ၃၅၀၀ ထိရှိသည်။

VSHORADS တွင် Dual-Band အနီအောက်ရောင်ခြည် ပုံရိပ်ဖော်လမ်းညွှန်စနစ် တပ်ဆင်အသုံးပြုထားပြီး ဝေဟင်ပစ်မှတ်များကို တိကျစွာသိရှိနိုင်ကာ ခြေရာခံထိန်းကျောင်းနိုင်မည်ဖြစ်သည်။ ၎င်း၏ ဖောက်ခွဲမှုအပိုင်းတွင် ပစ်မှတ်အပေါ် အမြင့်မားဆုံးထိရောက်မှုရှိစေရန် Proximity Fuze အသုံးပြုထားသည်။ ဤစနစ်



ကို အမျိုးမျိုးသောစစ်ဆင်ရေးအခြေအနေများတွင် ပြောင်းလွယ်ပြင်လွယ်ရှိစွာအသုံးပြုနိုင်ရန်အတွက် Tripod သို့မဟုတ် အခြားပလက်ဖောင်းများမှလည်း ပစ်လွှတ်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

VSHORADS ဒုံးကျည်စမ်းသပ်မှု သရုပ်ပြသနိုင်ခဲ့မှုသည် ကာကွယ်ရေးနည်းပညာတွင် မိမိကိုယ်ကိုအားကိုးရန် အိန္ဒိယ၏ ကြိုးပမ်းအားထုတ်နေမှုတွင် သိသာထင်ရှားသော မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**India successfully tests VSHORADS air defense system against UAV targets ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၉၈၄၆ ဧက စိုက်ပျိုးပြီးစီး



ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၉၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၉၀၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၈၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ကြက်သွန်နီ ၉၀၉၅ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ကြက်သွန်နီ ၉၈၄၆ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ပိုပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှု အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာပဲ စိုက်ပျိုးတာများကြပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် ပိုပြီးစိုက်ပျိုးလာတာကိုတွေ့ရပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၇၉ ဧက၊ ကနီမြို့နယ်တွင် ၅၁၉၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၄၈ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၂၂၀၀ စုစုပေါင်း ၉၈၄၆ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ကနီမြို့နယ်တွင်ဧက ၄၇၀၊ ဆားလင်းကြီးမြို့နယ်တွင် ၃၅၂၅ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ၉၀၉၅ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကြက်သွန်နီစိုက်ပျိုးတောင်သူများ ဈေးကောင်းရရှိစေရန် ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီ အများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# နတ်မောက်မြို့နယ် ရွှေကွေ့ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် မတ် ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေကွေ့ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သန်း ၇၀ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေကွေ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၆၁ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၆ ဒသမ ၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သန်း ၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# ညောင်လေးပင်မြို့နယ်တွင် ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် မတ် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်တွင် ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆုလဲ့မွန်နှင့် တာဝန်ရှိသူများက ညောင်လေးပင်မြို့နယ် ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ရေဖြူကန်-ချုံအင်း-ဒလဆိပ်လမ်း အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၈၁ ဒသမ ၈၅၆ သန်းဖြင့် Rock Well International ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းကို ကွန်ကရစ်ခင်းပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာများရှိ လယ်ယာမြေများမှ ထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဓိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အချိုးကျကိုယ်စားပြုစနစ်(PR)နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)ကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲတွင် သင်တန်းသားအရာရှိများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများကို အချိုးကျကိုယ်စားပြုစနစ်(PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးခြင်းဖြစ်သည့်အတွက် လွှတ်တော်တွင်းပါတီအများစုမှ ကိုယ်စားလှယ်များပါဝင်မှသာ နိုင်ငံ့အကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်(PR)ကျင့်သုံးခြင်းဖြင့် FPTP စနစ်၏ အားနည်းချက်များကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်မည်ဖြစ်ပြီး ယခင်ကကဲ့သို့ တစ်ပါတီလွှမ်းမိုးကြီးစိုးမှုမရှိဘဲ ပါတီများအနေဖြင့် ရွေးကောက်ပွဲတွင်ရရှိသည့် ဆန္ဒမဲအချိုးအရ ကိုယ်စားလှယ်များရရှိပြီး လွှတ်တော်တွင်း ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု ပါတီငယ်များ၏ ကိုယ်စားလှယ်များလည်းလွှတ်တော်သို့ ဝင်ရောက်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ၏ဆန္ဒ၊ အခွင့်အရေးလည်းပိုမိုရရှိပြီး ဆန္ဒမဲများ အလဟဿလေလွင့်ဆုံးရှုံးမှု လျော့ပါးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးသည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် PR စနစ် ကျင့်သုံးမည်ဖြစ်ရာ ဝန်ထမ်းအားလုံးသည် အဆိုပါစနစ်နှင့် ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင်ဖြစ်နေရန်လိုအပ်သည့်အတွက် ထပ်ခါထပ်ခါ အကြိမ်ကြိမ်ဖတ်ရှုလေ့လာ လေ့ကျင့်မှ လက်တွေ့ဆောင်ရွက်ရာတွင် ကျွမ်းကျင်လွယ်ကူမည်ဖြစ်ကြောင်း၊ ယနေ့ပို့ချချက်များနှင့်စပ်လျဉ်းပြီး သင်တန်းသားများအပါအဝင် ဝန်ထမ်းများအားလုံးအနေဖြင့် အလေးအနက်ထား လေ့လာမှတ်သားပြီး နောက်ရွေးကောက်ပွဲတိုင်သည်ထိ အကြိမ်ကြိမ်လေ့ကျင့်နေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အချိုးကျကိုယ်စားပြုစနစ် (PR)နှင့်စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ သင်တန်းသားများနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၏ အတွေ့အကြုံများကိုလေ့လာခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများဆိုင်ရာ ဆွေးနွေးပြောကြားသူများ၊ အာဆီယံ- ဂျပန်ဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၊ UM-FCCI နှင့်ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထွေထွေအတွင်းရေးမှူးချုပ် ကိုယ်စား ProgrammeCoordinator ဖြစ်သူ Dr. Nguyen Tuan Anh တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို အပိုင်းနှစ်ပိုင်းဖြင့်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်တို့က စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ရေရှည်တည်တံ့သည့် ခေတ်မီစိုက်ပျိုးရေးနှင့် အစားအစာစနစ်များဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက လျှပ်စစ်သုံးယာဉ်ကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး လျှပ်စစ်သုံးယာဉ်နှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့်စပ်လျဉ်းသည့် စီးပွားရေးအခွင့်အလမ်းများကို နားလည်စေခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ကြသည်။

ယခုဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူများ၏ ခိုင်မာစွာလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံရှိ အစားအစာနှင့်စိုက်ပျိုးရေးကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အနာဂတ်လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၉ ရှေ့ဖုံးမှအဆက်

အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် သာသနဓဇမှာစရိယ ဘဒ္ဒန္တစန္ဒက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ Ph.D ဒေါက်တာဘဒ္ဒန္တသူရိယက လည်းကောင်းဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီသောဠသမ အစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များ အပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း၊သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ်တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒကအတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီသောဠသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား သယ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမမွေမိတ်ဆွေများက အဋ္ဌတိံသတိမ ၃၈ ကြိမ်မြောက် အရုဏ်ဆွမ်းနှင့်နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P. Bandara ကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းတန်ဖိုးရှိသည့် ဆေးနှင့်ဆေးပစ္စည်းများကို မိမိတို့ အခက်အခဲရှိသည့်အချိန်တွင် ကူညီထောက်ပံ့ပေးသည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ တိုင်းရင်းဆေးပညာကဏ္ဍ၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍတို့တွင် ဆက်လက်၍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျန်းမာရေးပညာရပ်ဆိုင်ရာ အတွေ့အကြုံအသိပညာများ အပြန်အလှန်နီးနှောဖလှယ်ရေး ကိစ္စရပ်များ၊ အနာဂတ်ကာလတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအဆင့် ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြသခြင်း အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအဆင့် ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြသခြင်း အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး စစ်ရေးပြကွင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ရေးပြကွင်းတွင် မီးဘေးအန္တရာယ်၊ လေျင်ဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်စေရန် မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲအဆင့်မှ လေျင်အန္တရာယ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံအတွင်းမှ ပိတ်မိနေသူများနှင့် ဒဏ်ရာရသူများကို နည်းပညာအထောက်အကူပြု၍ ရှာဖွေကယ်ထုတ်ခြင်း၊ လောင်စာဆီမီးလောင်မှုအား ဆပ်ပြာနှုန်းမြင့် အမြှုပ်ဆေးရည်(High Expansion Foam)များအသုံးပြု၍ မီးငြှိမ်းသတ်ခြင်း၊ အဆောက်အအုံတွင် တပ်ဆင်ထားသော ဂက်(စ်)ပိုက်လိုင်းများမှ ဂက်(စ်)များယိုစိမ့်ကာ ဂက်(စ်)မီးလောင်မှုကို ငြှိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြုစုကုသရေးအဖွဲ့များ၊ မီးငြှိမ်းသတ်ရေးအဖွဲ့များ ပြန်လည်စုဖွဲ့ခြင်း သရုပ်ပြသမှုများ ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေကျပ် ၁၀ သိန်းချီးမြှင့်ပြီး တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တောင်ကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စု ကက္ကူ-ဂနိုင်ထော့ကျေးရွာချင်းဆက်လမ်း ကျောက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



**နေပြည်တော် မတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ တောင်တန်းမြေပြန့်မခွဲခြားဘဲ စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်ကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စု ကက္ကူ-ဂနိုင်ထော့ကျေးရွာချင်းဆက်လမ်း ကျောက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၂၅၁ ဒသမ ၆၅၅ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာ ၁၁ ရွာမှ လူဦးရေ ၄၇၃၅ ဦးနှင့် ခရီးသွားလာမည့် ဒေသခံများကို များစွာအကျိုးရှိစေမည့်အပြင် ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ ဘာသာသာသနာရေးကိစ္စရပ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၀/၆ မိုင်၊ အာမခံလမ်း ၃/၂ မိုင်၊ ကျောက်လမ်း ၂၅ /၅ မိုင်၊ ကတ္တရာလမ်း ၁/ ၄ မိုင် ကတ္တရာထပ်ပိုးလွှာလမ်း ၇/ ၂ မိုင်၊ ကွန်ကရစ်လမ်း ၂/၃ မိုင်၊ကွန်ကရစ်တံတား ၁၂စင်း၊ Box Culvert ၁၅၆ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်း လုပ်ငန်းလေးခု၊ ကျောက်စီရေမြောင်း လုပ်ငန်းသုံးခု၊ မြေထိန်းနံရံ လုပ်ငန်းတစ်ခု၊ အုတ်ခြစည်းရိုးကာရံခြင်း တစ်ခု၊ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း လေးတွင်း၊ တန်ဖိုးနည်းအိမ်ရာ တစ်လုံး၊ သာသနာရေးလုပ်ငန်း ၁၇ ခုနှင့် ဦးစီးဌာနလုပ်ငန်းသုံးခုကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၂၃၆ ဒသမ ၉၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ သီတဂူရေစက်ရုံဖွင့်ပွဲနှင့် သီတဂူဗုဒ္ဓတက္ကသိုလ် မန္တလေးကျုံး၊ ရေထာဝရအလှူတော်အောင်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး မတ် ၆**

မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ မန္တလေးသီတဂူ ရေစက်ရုံဖွင့်ပွဲနှင့် သီတဂူဗုဒ္ဓတက္ကသိုလ်၊ မန္တလေးကျုံး ရေထာဝရအလှူတော် အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရေစက်ရုံနှင့်ဗုဒ္ဓတက္ကသိုလ်ရှိ သီတဂူတော်ဝင်သဒ္ဓမ္မဇောတိကာသန္တိမဟာ ကျောင်းဆောင်တော်တွင် ကျင်းပရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ မန္တလေးသီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ အလှူရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြသည်။


ဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြု၍ တိုင်းဒေသ ကြီးဝန်ကြီးများဖြစ်ကြသည့် ဦးရွှေဇင်၊ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့က မန္တလေးတောင်ခြေရှိ မန္တလေးသီတဂူ ရေစက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ သီတဂူဆရာတော်ကြီးက ရေစက်ရုံအတွင်းရှိ ရေစက်Pump မောင်းနှင်ခလုတ်ကို စတင်နှိပ်ပေးခြင်း များကို ဆောင်ရွက်ပြီး စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မန္တလေးကျုံးရေ ထာဝရ အလှူတော်အောင်ပွဲ အခမ်းအနားကို ပြုလုပ်ရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သီတဂူ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ထံမှ ငြိမ့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မန္တလေးသီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ် ဆရာတော်က မန္တလေးသီတဂူ ရေအလှူ တော်ဖြစ်ပေါ်လာရခြင်းသမိုင်းအကြောင်း ကို ရှင်းလင်းလျှောက်ထားခဲ့သည်။ ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် ဆရာတော်၊သံဃာတော်များအား အလှူ ရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်လှူဒါန်းခြင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက သီတဂူရေအလှူ တော်နှင့်စပ်လျဉ်း၍ ဝမ်းမြောက်စကား လျှောက်ထားခြင်း၊ သီတဂူဆရာတော်ကြီး နှင့် တိုင်းဒေသကြီးဝန်ကြီးများက မန္တလေးသီတဂူ ရေအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီး ထံမှ ငြိမ့်ပရိသတ်အပေါင်းတို့က ရေစက်ချ အနုမောဒနာတရား နာယူ ကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သီတဂူဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါ မန္တလေးသီတဂူရေစက်ရုံကို ၂၀၁၇ ခုနှစ်တွင် လေးလက်မအဝီစိ နှစ်တွင်း ရေဂါလန် ၃၅၀၀၀ နှစ်ကန်နှင့် စတင်ဆောက်ရွက်ခဲ့ပြီး ဘုန်းတော်ကြီး ကျောင်း ခုနစ်ကျောင်းကို စတင်ရေပေးဝေ ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ရေလိုအပ် ချက်များကြောင့် ရေသုံးစွဲသည့် ကျောင်း ၆၄ ကျောင်းထိ ၂၀၁၇ ခုနှစ် မှ ၂၀၂၁ ခုနှစ်ထိ ငါးနှစ်အတွင်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသို့ ကျုံးရေ ဖောက်သွယ်တန်းခွင့် တင်ပြတောင်းခံရာ ခွင့်ပြုခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၂၂ ခုနှစ် ဇွန်လတွင် ကျုံးရေတင်ရေစက်ဖြင့် ရေပေးဝေရေး စီမံကိန်းကို စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပြီးစီးခဲ့ကာ ၂၀၂၄ ခုနှစ်တွင် မန္တလေးတောင်ခြေရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင် ကျောင်းများနှင့် တရားရိပ်သာကျောင်း စုစုပေါင်း ၁၀၀ ကျော်၊ ရေသုံးစွဲသူ ဦးရေ ၂၀၀၀ ကျော်တို့ကို သောက်သုံးရေ ပိုမိုဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်း ရရှိသည်။ **မျိုးကျော်**

# ပြင်ဦးလွင်မြို့ အောင်ချမ်းသာကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်ကြီး(၁)ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**ပြင်ဦးလွင်မြို့ အောင်ချမ်းသာကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်ကြီး(၁)ရှိ ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် မတ် ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အောင်ချမ်းသာကျောင်းတိုက်ရှိ သံဃာ တော်များနှင့် ရပ်ကွက်ကြီး(၁)အတွင်း ရှိ ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက် ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေး ကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ် အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊အသက် ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသ မှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော်အပါး ၁၁၀ နှင့် ဒေသခံပြည်သူဦးရေ ၂၀ တို့ကို လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း များဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေး ကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ် သည့် လူနာများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အောင်ချမ်း သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာမဟာသာလင်္ကာရာ ဘိဝံသအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၆**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမနှင့် မှန်ဆောင်ခန်းမတို့၌ ကျင်းပပြုလုပ်သည်။

အဆိုပါ(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့် လေးဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ ၁၀၄ ဦး၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှု များကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။





**တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှန်ချမ်းသာ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့် စားသောက် ဖွယ်ရာများကို နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်ထံ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြည်ထောင်စုစာရင်းစစ်ရုံးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်သိန်းခုနစ်ဆယ်နှင့် ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းမှူးထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပဲခူးမြို့၊ ကဝမြို့နှင့် သနပ္ပင်မြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် မတ် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ကဝမြို့နှင့် သနပ္ပင်မြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက ပဲခူးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားစဉ်။

# မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်တပ်နယ်ရှိ အရာရှိ၊စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက မော်လိုက်မြို့နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။





စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်တပ်နယ်ရှိ အရာရှိ၊စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက သီဆိုကပြဖျော်ဖြေစဉ်။

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် ဖမ်းဆီးရမိ





**နေပြည်တော် မတ် ၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအနီး သဲဖြူကျွန်းအနောက်မြောက်ဘက် ရေမိုင် ၅ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် မသင်္ကာဖွယ်စက်လှေကို စစ်ဆေးခဲ့ရာ စက်လှေပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၅ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၂ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်မောင်လေး(ခ)သိန်းဝင်းအား ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ အမှတ်(၂)ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ သဇင်ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ပေးခဲ့သူများဖြစ်ကြသည့် ဝင်းသိန်းထွန်း(ခ)နေသူနှင့် လင်းထွန်းဟန်(ခ)သားပုတို့ နှစ်ဦးကို စက်လှေတစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Nyarna”Face book အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းကျေးရွာနေ ဉာဏ်ဌေးအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “Kyaw Moe Yan Tun (yanbaluu)”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ ကျော်မိုးယံထွန်းအား ည ၇ နာရီ မိနစ်၂၀တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းများ၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မုံရွာမြို့နယ် ခိုးသန်းကျေးရွာ ဒုတိယအကြိမ် မီးရှို့ခံရပြီး အိမ်ခြေ တစ်ရာနီးပါး ပျက်စီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခိုးသန်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁ ရက်နှင့် ၅ ရက်တို့တွင် ဝင်ရောက်မီးရှို့ခဲ့ခြင်းကြောင့် အိမ်ခြေ တစ်ရာနီးပါးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းရက်များတွင် ခိုးသန်းကျေးရွာနှင့် အနီးတစ်ဝိုက်တို့တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ခြင်း၊ သွားရောက်ခဲ့ခြင်းများ မရှိကြောင်းနှင့် ဒေသခံပြည်သူအချို့၏ သတင်းပေးပို့မှုအရ မတ် ၄ ရက်တွင် အဆိုပါ ကျေးရွာသို့ PDF အကြမ်းဖက်အဖွဲ့များ ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။




လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်က ဓာတုပုံးအသုံးပြုပြီး ကနီမြို့ကို တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ကို မတ် ၅ ရက်က တပ်မတော်က ဓာတုပုံးအသုံးပြုပြီး တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကနီမြို့ကို တပ်မတော်က ဓာတုဗုံးအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ယခင်တိုက်ပွဲများတွင်လည်း ၎င်းတို့ထိခိုက်သေဆုံးမှု များပြားသည့်အချိန်များတွင် ထိုကဲ့သို့ တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ဓာတုဗုံးများနှင့် အဆိပ်ငွေ့ဗုံးများကို တပ်မတော်က အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သဇင်(FM)အသံလွှင့် အစီအစဉ်**

၇-၃-၂၀၂၄ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၀ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

## ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါင်စပီယူပြည်နယ်တွင် မိုးခေါင်ရေရှားမှုကြုံတွေ့နိုင်သဖြင့် ဒေသခံလယ်သမားများကိုကူညီကြရန် ပြည်နယ်ဒုတိယဝန်ကြီးချုပ်တိုက်တွန်း



**ဖနွမ်းပင် မတ် ၆**

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါင်စပီယူပြည်နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဆိုးရွားသော မိုးခေါင်ရေရှားမှုကြုံတွေ့နိုင်သဖြင့် ဒေသခံလယ်သမားများကို ကူညီကြရန် ပြည်နယ်တာဝန်ရှိသူများကို ကမ်ပေါင်စပီယူပြည်နယ် ဒုတိယဝန်ကြီးချုပ် ဟွန်မန်နီက တိုက်တွန်းခဲ့ကြောင်း ပြည်နယ် ရေအရင်းအမြစ်နှင့် မိုးလေဝသ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မတ် ၅ ရက် သတင်းများအရ သိရသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် ဆိုးရွားသောမိုးခေါင်မှု ကြုံတွေ့ရနိုင်သဖြင့် ရေကို ချွေတာသုံးစွဲကြရန်နှင့် ရေများများသိုလှောင်ပြီး ဒေသခံလယ်သမားများကို တတ်နိုင်သမျှကူညီကြရန်လည်း ဟွန်မန်နီက တိုက်တွန်းပြောကြားခဲ့သည်။

"ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုနောက်ကျနိုင်တဲ့အတွက် တောင်သူတွေကို အသိပေးဖို့နဲ့ ရေလုံလောက်စွာရရှိအောင် စီစဉ်ပေးဖို့ သက်ဆိုင်ရာအာဏာပိုင်တွေကို ညွှန်ကြားထားပါတယ်" ဟု ပြည်နယ်ဒုတိယဝန်ကြီးချုပ် ဟွန်မန်နီက ပြောကြားခဲ့သည်။

ကမ်ပေါင်စပီယူပြည်နယ်တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် ၂၀၂၃ ခုနှစ်က စပါးဧက ၁၂၀၀၀၀ သာ စိုက်ပျိုးနိုင်ခဲ့ပြီး ဧက ၃၀၀ ခန့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို ခံစားခဲ့ရကြောင်း သိရသည်။

အဆိုပါ ပြည်နယ်အတွင်းဖြစ်ပေါ်လာသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားပြီး ရေပြတ်လပ်နိုင်သည့် နေရာများအတွက် စီမံချက်များချမှတ်ပြင်ဆင်ထားကြောင်း၊ ပြည်သူများအနေဖြင့် ရေကိုချွေတာသုံးစွဲရေး မြို့နယ်၊ ရပ်ကွက်အဆင့် အာဏာပိုင်များကို ညွှန်ကြားထားသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

## ဂရိနိုင်ငံမြောက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**အေသင် မတ် ၆**

ဂရိနိုင်ငံမြောက်ဘက်ပိုင်း ပီရီယာနယ်မြေတွင် မတ် ၄ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မတ် ၅ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း ဂရိအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသည့်မြို့မှာ ပီရီယာနယ်မြေရှိ ဒီယွန်-အိုလံပက်စ်မြို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကြိုတင်သတိပေးချက် မရခဲ့သည့်အတွက် ဒေသခံများအနေဖြင့် ရေဘေးအန္တရာယ်ကိုရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ခဲ့ခြင်းမရှိဘဲ ဒေသခံတချို့မှာ အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားပြီးသည့်အခြေအနေမှသာ ရေဘေးအန္တရာယ်သတိပေးချက်ကို ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လမ်းတံတားတချို့ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သောလမ်းမများထက်တွင် မော်တော်ယာဉ်တချို့ ပိတ်မိနေခဲ့ကြောင်း သိရသည်။

"ရေဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ကြိုတင်သတိပေးချက်မရခဲ့တဲ့အတွက် ပြည်သူတွေ တော်တော်လေးအခက်တွေ့ခဲ့ရတယ်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းရဲ့ ဖုန်းနံပါတ်ဖြစ်တဲ့ ၁၁၂ နံပါတ်ကို ခေါ်ဆိုခဲ့ကြပေမဲ့ ဖုန်းခေါ်ဆိုလို့မရခဲ့ဘူးလို့သိရပါတယ်။ ရာသီဥတုမကောင်းလို့ ဆက်သွယ်ရေးတွေပြတ်တောက်နိုင်တာကို နားလည်နိုင်ပေမဲ့ အရေးပေါ်ကယ်ဆယ်ရေးဖုန်းနံပါတ်ကတော့ ၂၄ နာရီအချိန်ပြည့်ခေါ်လို့ရသင့်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတွေပေါ်မှာပိတ်မိနေတဲ့ ဒေသခံရှစ်ယောက်ကို မြို့တော်ဝန်ရုံးက တာဝန်ရှိသူတွေအနေနဲ့ အရေးပေါ်အခြေအနေကနေ ကယ်ထုတ်ပေးခဲ့ရတယ်။ ဒီယွန်-အိုလံပက်စ်မြို့ရဲ့ လမ်းမတွေဟာ မုန်တိုင်းဝင်ပြီး အချိန်တိုအတွင်းမှာပဲ စမ်းချောင်းသဖွယ်ဖြစ်သွားတယ်။ ပျက်စီးမှုတွေကို ရေကျသွားရင် စစ်ဆေးပြီး အမြန်ဆုံး ပြန်လည်မွမ်းမံပြင်ဆင်ပေးသွားပါမယ်"ဟု ဒီယွန်-အိုလံပက်စ်မြို့တော်ဝန် ဗန်ဂျီလစ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယခုနှစ် မတ်လမှ မေလအတွင်း အယ်လ်နီညိုရာသီဥတု အားပျော့လာဖွယ်ရှိနေ

**ဂျီနီဗာ မတ် ၆**

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် ရာသီဥတုပြောင်းလဲမှုပြဿနာကို ရင်ဆိုင်ခဲ့ရပြီး ယခုနှစ် မတ်လမှ မေလအတွင်း အယ်လ်နီညိုရာသီဥတု အားပျော့လာဖွယ်ရှိနေကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်သည့်ကြာချိန်သည် ပျမ်းမျှကိုးလမှ ၁၂ လထိဖြစ်ပေါ်လေ့ရှိပြီး အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ချိန် တောမီးလောင်ကျွမ်းမှုများ၊ အပူပိုင်းမုန်တိုင်းများနှင့် မိုးခေါင်ရေရှားပါးမှုများဖြစ်ပေါ်လေ့ရှိကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယခုရင်ဆိုင်ရသော အယ်လ်နီညိုရာသီဥတုသည် သက်တမ်းတစ်လျှောက် အားအကောင်းဆုံး အယ်လ်နီညိုရာသီဥတုစာရင်း၌ ပါဝင်ခဲ့ကြောင်း WMO က ထုတ်ပြန်ခဲ့သည်။



"အယ်လ်နီညို ရာသီဥတုဟာ မတ်လကနေ မေလအတွင်း ၆၀ ရာခိုင်နှုန်းထိ အားပျော့သွားဖွယ်ရှိနေပြီး ဧပြီလမှာတော့ အယ်လ်နီညိုရာသီဥတု ဒါမှမဟုတ် လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်ဖို့က ၈၀ ရာခိုင်နှုန်းလောက် သေချာနေပါတယ်။ ၂၀၂၃ ခုနှစ် ဇွန်လကနေ ဒီဇင်ဘာလအတွင်း အပူချိန်မြင့်တက်ခဲ့ပြီး ၂၀၂၃ ခုနှစ်ဟာ အပူချိန်အမြင့်ဆုံးနှစ်စာရင်းမှာ ပါဝင်လာတယ်"ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)မှ ပြောရေးဆိုခွင့်ရှိသူ ကလဲချူလစ်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**




## ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုပ်ပိုးမှုဆိုင်ရာစွန့်ပစ်ပစ္စည်းများ လျှော့ချရေးအတွက် ယာယီသဘောတူညီချက်ရရှိခဲ့

**ဘရပ်ဆဲလ် မတ် ၆**


ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့အစည်းသည် အဖွဲ့ဝင်နိုင်ငံများကြား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်အရ ထုပ်ပိုးမှုဆိုင်ရာ စွန့်ပစ်ပစ္စည်းများ လျှော့ချရေးအတွက် ယာယီသဘောတူညီချက် ရရှိခဲ့ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စူပါမားကတ်များတွင် ပလတ်စတစ်အိတ်များ အသုံးပြုထုပ်ပိုးမှုများ၊ ရေသန့်နှင့် အချိုရည်ပလတ်စတစ်ဘူးခွံများ၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ဘူးခွံများ အစရှိသည့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ အသုံးပြုမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းနှင့် ပြင်သစ်နိုင်ငံတွင် အခြေစိုက်သည့် ဥရောပပါလီမန်ကြား မတ် ၅ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်ခါသုံးပလတ်စတစ် အမှိုက်သုံးစွဲမှုကို ငါးရာခိုင်နှုန်းထိလျှော့ချသွားမည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်အရောက်တွင် ၁၅ ရာခိုင်နှုန်းထိ လျှော့ချသွားရန် ယာယီသဘောတူညီချက်ရရှိခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းနှင့် ဥရောပပါလီမန်တို့ကြား သဘောတူညီချက်ကို တရားဝင်အတည်ပြုရန်အတွက် အသေးစိတ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ဆွေးနွေးမှု ၁၀၀ ရာခိုင်နှုန်း ပြီးဆုံးမှသာ သဘောတူညီချက်ကို တရားဝင် ထုတ်ပြန်အတည်ပြုသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**



# ငရဲပန်းကို နမ်းမိသူ

လင်းနွေးအိမ်

(၁)

ဦးဖိုးသာတစ်ယောက် အကြီးအကျယ် မိုးမီးလောင်နေသည်။ ဒေါသအခိုးအငွေ့များ ပြည့်နှက်နေသော မျက်လုံးတစ်စုံသည် မြင်မြင်သမျှကို ရန်ဖီနေလေ၏။ ဦးဖိုးသာ၏ဇနီးဖြစ်သူ ဒေါ်အေးမြကတော့ တရှိုက်ရှိုက် ငိုကြွေးနေ၏။ ဒေါ်အေးမြသည် နှုတ်မှလည်း တဖွဖွပြောဆိုရင်း မျက်ရည်များကို လက်နှင့် သုတ်လိုက် ပြန်ပြီးငိုလိုက်နှင့် ရှိနေသည်။

"မိုက်လှချေလား ဖြူနှင်းရယ်။ ညည်း မိုက်လှချေလား။ အမေတို့ကို စိတ်ဒုက္ခပေးလှချေလား။ ဟီး ဟီး ဟီး"

"တော်တော့ မမြရာ။ ဒီလောက်မိုက်တဲ့ သင်းတော့လား။ ငါက သေခန်းပြတ်တယ်ဟာ"

(၂)

ကွင်းသာရွာသည် မြို့နှင့်အလှမ်းကွာဝေးသော တောရွာလေး တစ်ရွာဖြစ်သည်။ ထိုကွင်းသာရွာလေးထဲ၌ ဦးဖိုးသာတို့ဇနီးမောင်နှံနှစ်ဦးသည် သမီးဖြစ်သူ အတွက်နှင့် မျက်နှာပွင့်ခဲ့ကြရ၏။ အိမ်ကိုလာပြီး စကားကြောင်းကြသည့် သားရှင်များက မက်လုံးများအမျိုးမျိုးနှင့်၊ လယ်တစ်ဧက ရွှေနှစ်ကျပ်သား စသည်ဖြင့် ဦးဖိုးသာတို့ဆီလာပြီး စကားကြောင်းကြသူများကို ဦးဖိုးသာက ခေါင်းခါစမြဲဖြစ်သည်။ သူသည် သမီးဖြစ်သူကို တော်ရုံလူနှင့် တူသည်တန်သည်မထင်။ ထို့ပြင် သူကိုယ်တိုင်ကလည်း သမီးဖြစ်သူ အိမ်ထောင်ပြုမည့်အရေးကို နှမြောတွန့်တိုနေလေ၏။ ဖြူနှင်း၏ လှပမှုသည် ရွာနီးချုပ်စပ်ထိ သတင်းမွှေးနေ၏။ ကွမ်းတောင်ကိုင် အပျိုစင်တစ်ယောက်ဖြစ်၍ ရွာရှိကာလသားများက သူ့ထက်ငါ အလုအယက် ပိုးပန်းနေကြရုံသာမက အခြားရွာမှ ကာလသားများပင် လာရောက်ပိုးပန်းနေကြ၏။ တောသူဌေးဖြစ်သည့် ဖြူနှင်း၏မိဘများသည် တစ်နေ့တစ်နေ့ လယ်ယာမြေများဖြင့် အလုပ်ရှုပ်နေကြသည်။ သူတို့သည် သမီးကို သွန်သင်ဆုံးမရန်ပင် အချိန်မအားလပ်ရလောက်သည်ထိ ဖြစ်နေ၏။ မည်သို့ပင်ဆိုစေ ဦးဖိုးသာနှင့် ဒေါ်အေးမြတို့၏ သမီးအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာများကတော့ မလျော့သလို ဘယ်အခါမှလည်း မပေါ့တန်ခဲ့ပါ။ သူတို့သည် တစ်ဦးတည်းသော သမီးလေးကို အစစအရာရာ၌ လိုလေသေးမရှိအောင် ထားပေးသည်။ လိုချင်တာမှန်သမျှကို ဖြည့်ဆည်းပေးတတ်သည်။ မဆူရက် မငေါက်ရက်သလို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ယုယထား၏။ ဤအချက်များကြောင့် ဖြူနှင်းသည် ငွေ၏တန်ဖိုးကို တကယ်မသိတတ်တော့။ အဝတ်အစားများ ဝယ်ဝတ်လိုက်၊ အပေါင်းအသင်းများကို ပေးကမ်းစွန့်ကြဲလိုက်နှင့် ငွေကို ထင်သလိုသုံးနေတော့၏။ ဖြူနှင်းအတွက်တော့ အရာအားလုံးသည် အဆင်ပြေလွယ်ကူချောမွေ့နေလေ၏။

(၃)

"ခွပ်စမ်းပါ ဖေ့သားကြီးရ။ ချကွာ ချ"

"လောင်းကြေး မြင့်မယ်ဟေ့"

တစ်ယောက်တစ်ပေါက်နှင့် ကြက်ဝိုင်းသည် ဆူညံပွက်လောရိုက်နေသည်။ တစ်ဖက်မှ လောင်းကြေးစကားပြောလာသည်ကို တိုးအောင်သည် စိတ်တိုဒေါသထွက်နေ၏။

"ကြိုက်သလောက် ထွက်လိုက်ကွာ။ တိုးအောင်ဆိုတဲ့ကောင်က စိန်ခေါ်ရင် ဘွာမခတ်ဘူးကွ"

တိုးအောင်ဆိုသူမှာ ကွင်းသာရွာ၏ လူဆိုးလူမိုက်စာရင်းဝင်တစ်ယောက် ဖြစ်သည်။ အလုပ်အကိုင်ဟူ၍ မည်မည်ရရမရှိ။ သူသည် လောင်းကစားအလုပ်ကို ခုံမင်သလို နေ့စဉ်လိုလို ထန်းရည်ကလေး တမြမြနှင့် ရှိနေတတ်သည်။ သူ့အဖို့ ကြက်တိုက်၍ နိုင်လျှင် ထန်းတောကို သွားသည်။ ရှုံးသည့်အခါများတွင်တော့ တစ်ဖက်မှအနိုင်ရသွားသူများကို မိုက်ကြေးခွဲတတ်သည်။ သူသည် ကြက်ဝိုင်းတွင် လောင်းကြေးရရန် အတွက် ကြက်နီးလျှင် ကြက်ခိုး၊ စပါးနီးလျှင် စပါးခိုးတတ်သူ ဖြစ်သည်။ ယခုလည်း မိမိတို့ကြက်ရှုံးသွားမည်ဆိုပါက ထိုရှုံးကြေးကို ပြန်ယူနိုင်ရန် သူ၏ သူငယ်ချင်းများကို အချက်ပြထားပြီးဖြစ်သည်။

ထိုသို့ ဆိုးမိုက်နေသည့် တိုးအောင်ကိုပင် ရွာရှိ မိန်းကလေးများက တမ်းတမ်းစွဲဖြစ်နေကြသည်။ တိုးအောင်၏ အများနှင့်မတူ အားသာသည့်အချက်မှာ သူသည် ဉပမိရုပ်ကောင်း၏။ မိန်းကလေးများနှင့် ပတ်သက်လာလျှင် မိန်းမကျမ်းကျေခြင်းကလည်း သူ၏ လက်နက်တစ်ခု ဖြစ်နေသည်။ သူသည် သဘောကျသည့် မိန်းကလေးများကို တွေ့လျှင် ချိန်လိုက်သည်။ ပြီးလျှင် ချက်ကောင်းကို ပစ်သည်။ ကွင်းသာရွာထဲတွင် သူနှင့်မပတ်သက်ဖူးသော မိန်းကလေးမှာ လက်ချိုးရေလို့ရ၏။ သူနှင့်ပတ်သက်ခဲ့ဖူးသည့် မိန်းကလေးများအဖို့တော့ နောက်ဆုံးတွင် ဒူးနှင့်မျက်ရည်သာ သုတ်နေကြရသည်။ ထိုသို့ဖြစ်ပျက်နေသည့်တိုင် မိန်းကလေးအများစုသည် သင်ခန်းစာမယူကြ။ ဆယ်ကျော်သက်အရွယ်များမို့ လက်တည့်စမ်းချင်တာလား၊ အသည်းအပိုပင် ထပ်ဆောင်းပါနေ၍လားတော့မသိ။ တိုးအောင်အဖို့တော့ ရှုပ်လို့ကောင်းမြဲ၊ ပွေလို့ကောင်းမြဲ ဖြစ်နေတော့၏။ တိုးအောင်ကို စိတ်ဝင်စားသည့် မိန်းကလေးများထဲတွင် ဖြူနှင်းလည်း အပါအဝင်ဖြစ်သည်။ ပိုက်ဆံဆိုလျှင် အမြဲအလိုပြနေတတ်သော တိုးအောင်ကို ဖြူနှင်းသည် သူစုဆောင်းထားသည့် မုန့်ဖိုးလေးများဖြင့် ကူညီပေးလေ့ရှိသည်။ တိုးအောင်၏ ဖြူစုမှုကို ဖြူနှင်းလည်း မခံစားနိုင်ခဲ့။ ထို့ကြောင့် မိခင်ဖြစ်သူ ဆူပူနေသည့်ကြားမှ တိုးအောင်အပေါ် တမ်းတမ်းစွဲဖြစ်လာနေ၏။ တိုးအောင်ကို မကောင်းပြောလျှင် ဖြူနှင်းမကြိုက်။ သူ့အတွက်တော့ တိုးအောင်သည်သာ မျှော်လင့်ချက်ဘဝတစ်ခု ဖြစ်နေ၏။

ဖြူနှင်း၏မိဘများက ပညာရေးကို အားပေးသော်လည်း ဖြူနှင်းသည် စာကိုစိတ်မဝင်စားတော့ပေ။ ဆယ်တန်းပင် နှစ်ခါကျသည်ထိ အချစ်ရေးကို ရှေ့တန်းတင်လာတော့၏။ ဖြူနှင်းသည် အသက် ၁၉ နှစ်အရွယ် ရောက်လာသည့်တိုင် အတွေးအခေါ်၊ အပြုအမူများကဖြင့် ကလေးဆန်မြဲ ဆန်နေတော့၏။

(၄)

နေမင်းကြီးသည် ကျွက်ကျွက်ဆူအောင် ပူသောနေ့တစ်နေ့၌ ဖြစ်သည်။ ရွာထဲတွင် သူဌေးသမီး ဖြူနှင်းတစ်ယောက် ခိုးရာလိုက်ပြေးပြီဟူသော သတင်းကား မိုးမွှန်နေလေ၏။ ထိုသတင်းကြောင့် ယူကျုံးမရဖြစ်ရကာ ဦးဖိုးသာနှင့် ဒေါ်အေးမြတို့သည် ရှက်လွန်း၍ အိမ်ထဲကပင် အိမ်အပြင်မထွက်ရဲကြတော့။ သမီးမိုက်ကြောင့် စိတ်ဆင်းရဲရသည့်ဒုက္ခများက တသီကြီးနှင့်ပင်။ တိုးအောင်သည် ဖြူနှင်းကို တကယ်ချစ်၍ ခိုးပြေးသွားသည်မဟုတ်မှန်း ဦးဖိုးသာတို့၏စိတ်က သိနှင့်နေ၏။ သူဌေးသမီးတစ်ယောက်မို့ စည်းစိမ်ဥစ္စာကိုမက်မော၍ ယခုလိုပြုမူသွားမှန်း တစ်ရွာလုံးလည်း ရိပ်မိနေကြ၏။ သမီးစိတ်ကြောင့် အိပ်ရာထဲလဲသွားသော ဒေါ်အေးမြကိုကြည့်ရင်း ဦးဖိုးသာတစ်ယောက် ဖြူနှင်းအပေါ်တွင် နာကြည်းနေလေ၏။ ဇနီးဖြစ်သူက သမီးကိုအိမ်ပြန်ခေါ်ရန် အကြိမ်ကြိမ်အခါခါ နားချနေသော်လည်း ဦးဖိုးသာသည် လက်မခံခဲ့။ နောက်ဆုံးတော့ သမီးဖြစ်သူ ဖြူနှင်းကို အမွေပြတ်ပင်ကြေညာလိုက်တော့သည်။ ထိုသတင်းစကားသည် အကြံသမား တိုးအောင်၏နားထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားတော့၏။ တိုးအောင်အဖို့ မှန်းချက်နှင့် နမ်းထွက်မကိုက် ဖြစ်ချေပြီမို့ စိတ်ညစ်နေလေ၏။ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်သူအဖို့ ပါးစပ်နှစ်ပေါက်၏အရေးကိစ္စကို ဖြေရှင်းပေးနိုင်ရန်အတွက် ဝန်လေးနေ၏။ တိုးအောင်သည် အကြံကုန် ဂဠုန်ဆားချက် ဆိုသလို မျှော်လင့်စရာမရှိတော့သည့်အဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။

"ဖြူနှင်း တစ်နေ့တစ်နေ့ စားဖို့သောက်ဖို့အတွက် ပိုက်ဆံရှာရတာ လွယ်တာမဟုတ်ဘူး။ နင်လဲ အလုပ်တစ်ခုခုတော့ လုပ်ရမယ်"

ဖြူနှင်း၏နားထဲသို့ ကန့်လန့်အနေအထားဖြင့် ဝင်ရောက်လာသည့်စကားများကြောင့် ဖြူနှင်းတစ်ယောက် အရုပ်ကြိုးပြတ်ဖြစ်သွား၏။

"ဟဲ့ ငါပြောနေတာ ကြားလား။ ပုံစံကိုက မထုံတက်သေးနဲ့"

"ကိုတိုးရယ် နှင်းက အိမ်မှာဘာအလုပ်မှ မလုပ်ခဲ့ဖူးတော့ ဘယ်လိုအလုပ်သွားရှာပြီး လုပ်ရပါ့မလဲ"

"ဟာ အေး ဟုတ်ပြီ။ ဒါဆိုလဲ နင်လုပ်တတ်တဲ့ အလုပ်ကို ငါရှာပေးမယ်။ ပြီးမှ ဘာတွေညာတွေ ထပ်လာမပြောနဲ့။ ငါ့အကြောင်း နင်သိတယ်နော်"

မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ပြောဆိုနေသည့် တိုးအောင်ကို ဖြူနှင်းကြောက်သည်။ ဖြူနှင်းသည် တိုးအောင်ကို အသည်းနှင့်အောင် ချစ်သလောက် တုန်နေအောင်လည်း ကြောက်နေပြန်သည်။

"နှင်းအတွက် ရွေးချယ်ခွင့်၊ စဉ်းစားခွင့်လေးတောင် မပေးတော့ဘူးလား ကိုတိုးရယ်"

"ငါ ရှာပေးမဲ့အလုပ်ကို နင် မလုပ်နိုင်ဘူးဆိုရင် ငါလဲ နင့်ကို ဆက်မပေါင်းနိုင်တော့ဘူး။ အေး ငါနဲ့ ဆက်ပြီး ပေါင်းချင်သေးတယ်ဆိုရင် ဝင်ငွေကောင်းတဲ့ ငါရှာပေးမဲ့အလုပ်ကို ငြင်းဖို့ စိတ်မကူးနဲ့"

လူလည်ဖြစ်သူ တိုးအောင်သည် ဖြူနှင်း၏ မိမိအပေါ်ထားရှိသော စိတ်သဘောထားကို သိနေ၍ အညာကို ကိုင်လိုက်ခြင်းဖြစ်သည်။ တကယ်တမ်းတွင်လည်း ဖြူနှင်းသည် တိုးအောင်ကို မပြတ်နိုင်ပါ။ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်သည် ဟူသော စကားလိုပင် တိုးအောင်၏ အဆူအဆဲနှင့် အပြုအစုခံရမှုတွင် ဖြူနှင်းတစ်ယောက် သာယာနေ၏။

(၅)

ဖြူနှင်းသည် သူ၏ယောကျ်ားဖြစ်သူ ရှာပေးလာသည့်အလုပ်ကို စိတ်ဆင်းရဲမှုများ တသီကြီးနှင့် ကြိုးစားလုပ်ကိုင်နေရတော့၏။ သူ့အတွက်အလုပ်ဆိုသည်ကား ယောကျ်ားတကာကို ဖြည့်ဆည်းပေးရသည့် ပြည့်တန်ဆာအလုပ် ဖြစ်နေသည်။ ဖြူနှင်းအဖို့ ယောကျ်ားဖြစ်သူအပေါ် အံ့သြနေမှုများနှင့်အတူ ဝမ်းနည်းနေရုံမှတစ်ပါး ငြင်းဆန်ရန်လည်း အင်အားမရှိ။ တဖြည်းဖြည်းနှင့် ဖြူနှင်း၏ဘဝသည် တိုးအောင်၏ ထားရာနေ စေရာသွားဖြစ်လာတော့၏။

ငယ်ရွယ်နုနယ်၍ အလှတရားတို့ရှိနေသော ဖြူနှင်းအတွက် လုပ်ကိုင်နေရသောအလုပ်သည် ဝင်ငွေရရှိမှုပိုင်းမှာတော့ အင်မတန်မှ အဆင်ပြေနေစေ၏။ တစ်နေ့တစ်နေ့ ယောကျ်ားတကာကိုပျော်တော်ဆက်အပြီး အိမ်အပြန်တွင် ရလာသောငွေကြေးများဖြင့် ကာမပိုင်လင်ယောကျ်ားဖြစ်သူအတွက် အရက်နှင့် အမြည်းကို ဝယ်လာပေးရပြန်၏။ အိမ်မှာ အခန့်သားနှင့် ရှိနေသည့် တိုးအောင်သည် ဖြူနှင်း ရလာသော ငွေကြေးများဖြင့် ဖဲဝိုင်းထောင်၍ ယမမင်း စည်းစိမ်ကို အပီအပြင်ခံစားနေတော့သည်။ ပြည့်တန်ဆာတစ်ယောက်ဖြစ်သွားသော ဖြူနှင်း၏သတင်းကား ဖြူနှင်း၏ မိဘများနားသို့ပင် ရောက်ရှိသွားခဲ့သည်။ အိပ်ရာထဲ၌ လဲနေသည့် ဒေါ်အေးမြသည် ဖြူနှင်း၏ သတင်းကို ကြားပြီးပြီးချင်း အသက်ပင်ဆုံးပါးသွားခဲ့ရသည်။ ဦးဖိုးသာကတော့ မွေးရကျိုးမနပ်လိုက်သည့် သမီးမိုက်ဟု ပါးစပ်မှ တဖွဖွပြောဆိုနေရင်း သမီးဖြစ်သူ အဖြစ်ကိုတွေးမိတိုင်း မျက်ရည်လည်နေတတ်သည်။

(၆)

မိခင်ဖြစ်သူဆုံးပြီဆိုသောသတင်းစကားကို မြို့သို့ ကုန်ဝယ်ရန် တက်လာသော အောင်မောင်းကပြောပြ၍ ဖြူနှင်းသိလိုက်ခြင်းဖြစ်သည်။ ဖြူနှင်းအဖို့မိခင်ဖြစ်သူ၏ နောက်ဆုံးခရီးကိုပင် လိုက်ပို့ခွင့်မရရှိခဲ့။ ဖြူနှင်းတစ်ယောက် နောင်တကြီးစွာရနေမိသည်။ တစ်ချိန်က မိဘများ၏စကားကို နားမထောင်ခဲ့မိခြင်း၊ စိတ်၏ အလိုဆန္ဒကိုလိုက်ခဲ့မိခြင်းတို့ကြောင့် မိမိမှာ ပြည့်တန်ဆာဘဝ ရောက်ခဲ့ရသည့်အဖြစ်ကို ဝမ်းနည်းနေလေ၏။ ကိုးလဆိုသောအချိန်ကာလထိ ဝမ်း၌လွယ်ပြီး မွေးဖွားကာ ကျွေးမွေးပြုစုပေးခဲ့သည့် မိခင်၏ အသက်ကိုပင် မိမိ၏မိုက်မဲမှုကြောင့် ဆုံးရှုံးလိုက်ရသည်ကိုလည်း ယူကျုံးမရဖြစ်နေ၏။ စိတ်ထောင်းတော့

စာမျက်နှာ ၂၅သို့ ➤

# ကျောင်းကုန်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၀၁၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၆၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၂၄၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ နွေစပါးတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးရာသီဖြစ်လို့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့လဲ လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်။ အထွက်နှုန်းကောင်းစေဖို့နည်းပညာပေး၊ အသိပညာပေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးထားတဲ့အပြင် စပါးအမျိုးအစားကောင်းတာတွေကို ရွေးချယ် စိုက်ပျိုးထားပါတယ်။ တောင်သူတွေအနေနဲ့က စပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့က အရေးကြီးပါတယ်" ဟု ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးကို ရက် ၉၀၊ သီးထပ်ရင်၊ ထိုင်းဘေးကျား၊ နှစ်လခွဲ စသည့် စပါးအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့်နွေစပါးများ အထွက်နှုန်းကောင်းစေရန်၊ ထွက်ရှိလာမည့် စပါးများ အရည်အသွေးကောင်းစေရန်၊ စပါးတစ်ကေချင်းအလိုက် အထွက်ညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လွိုင်လင်မြို့နယ် ဝမ်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် မတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်လုံကျေးရွာနှင့် ဝမ်အင်ကျေးရွာအတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဝမ်လုံကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၅၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်အင်ကျေးရွာနှင့် ဝမ်လုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၅၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



➤ **စာမျက်နှာ ၂၄ မှအဆက်**

ကိုယ်ကြေဆိုသလို စိတ်ထိခိုက်မှုများနှင့်အတူ ဖြူနှင်းတစ်ယောက် နာမကျန်းဖြစ်ရတော့သည်။ အိပ်ရာထဲလဲသွားရသည့် ဖြူနှင်းကို တိုးအောင်က ဆရာဝန်ခေါ်ပြီး ဆေးဝါးများ ကုသပေးသည်။ ထိုသို့ တိုးအောင်၏ ပြုမူပေးခြင်းတို့သည် ဖြူနှင်းအပေါ် ချစ်၍ကြင်နာ၍ ဂရုစိုက်သည် မဟုတ်။ သူ့အဖို့ စိတ်ထင်တိုင်း သုံးနိုင်ဖြုန်းနိုင်ရန်အတွက် ငွေမြန်မြန်ရှာပေးနိုင်စေရေးအတွက်ကြောင့်သာ ဖြစ်သည်။

(၇)

"ကိုတိုးအောင်။ ခင်ဗျား မိန်းမမှာ AIDSရောဂါ ရှိနေပြီဗျ"

"ဗျာ"

ဆရာဝန်၏စကားကြောင့် တိုးအောင်၏စိတ်သည် တုန်လှုပ်ချောက်ချားသွားတော့၏။ နားကြားမှားလို့များလားဟူသောအတွေးဖြင့် သေချာအောင် ထပ်ပြီးမေးကြည့်နေပြန်၏။

"ဟုတ် ဟုတ်လို့လား ဆရာရယ်။ ဟုတ်လို့လား"

"ဟုတ်ပါတယ်ဗျာ။ ကျွန်တော်ကိုယ်တိုင် သေချာစစ်ဆေးပြီးမှ ပြောတာပါ"

ဆရာဝန်၏ပြောစကားကို တိုးအောင်နှင့်အတူ ကာယကံရှင်ဖြစ်သူ ဖြူနှင်းလည်း ကြားသိလိုက်ရ၏။

AIDSရောဂါဆိုသည်ကား ကြောက်စရာကောင်းသော ရောဂါတစ်ခု ဖြစ်သည်။ လူတိုင်းရွံ့ရှာကြသလို လူတိုင်းရှောင်ဖယ်သွားတတ်ကြသည့် ရောဂါတစ်မျိုးလည်း ဖြစ်သည်။ ဖြူနှင်းသည် ရှိသမျှအားအင်လေးနှင့် အိပ်ရာထက်တွင် မျက်ရည်ပူလေးများကို ခြွေချနေတော့၏။ AIDSရောဂါဆိုသောစကားသံကြောင့် စိတ်ပျက်မှုများ မျက်နှာပေါ်တွင် အထင်းသားနေရာယူလာသော တိုးအောင်သည် ချက်ချင်းဆိုသလို ဆေးဝယ်သွားလိုက်ဦးမည်ဟုဆိုကာ အိမ်အပြင်ကို ပြေးထွက်သွားတော့သည်။ ဖြူနှင်းသည် တိုးအောင်၏ ပြောစကားကို မအီမသာဖြင့် ခေါင်းလေးညိတ်ပြပေးလိုက်ရသည်။ မိမိဆီကို ဘယ်သောအခါမှ ပြန်လာတော့မည်မဟုတ်သည်ကို သိနေသည်မို့ ဖြူနှင်းသည် နောက်ကျောပေးပြီး ကျောခိုင်းသွားသူ တိုးအောင်ကို မျက်စိတစ်ဆုံး ငေးကြည့်နေခဲ့သည်။ အိပ်ရာထဲ၌ ဝေဒနာများကို အလူးအလဲခံစားနေရင်း ဖြူနှင်းသည် ဟိုဟိုသည်သည် တွေးတောနေမိသည်။ ယခုများတွင် မိမိအဖို့ ချမ်းသာကြွယ်ဝမှုသည်လည်း မရှိတော့။ မိမိကို အသက်တမျှချစ်ကြသော မိဘများကို ကျောခိုင်းစွန့်ခွာပြီး အချစ်သူရဲကောင်းကြီးလုပ်ခဲ့ရသည့်တိုင် ဖြူနှင်း၏နိဂုံးသည်လည်း အရုပ်ဆိုးအကျည်းတန်လာတော့သည်။

## အမျိုးမဖျက် တန်ဖိုးတက်ဖို့

- မာလောနွယ်လျှင်၊ အပင်နွယ်တက်
  သူ့နွယ်ခက်က၊ မူလသစ်ပင်
  ရှင်သန်မရ၊ ဆုံးရှုံးရ၏။

- လေပြည်အသက်၊ သစ်ကိုင်းခက်တို့
  ပွတ်ယှက်ကြိတ်ချေ၊ ထိခတ်ပေက
  လေနှင့်လောင်မီး၊ ဟုန်းဟုန်းကြီးလျက်
  လောင်မီးပြာကျ တောပျက်ရ၏။

- ပေမှာတစ်သီး၊ ကျီးမှာတစ်သား
  ဆိုစကားက၊ သားရပေပင်
  အသီးတင်လျှင်၊ မခင်နွမ်းလျ
  ဆုံးရှုံးရသည် ဖြစ်ခဲ့လေ၏။

- မြွေပွေးသားပေါက်၊ ချိန်ခါရောက်လျှင်
  မိခင်မြွေပွေး၊ အသက်ပေး၍
  မွေးပေးထားဘိ ချစ်ခဲ့၏။

- ဂုဏ်ထူးအချင်း၊ သိန္ဓောမြင်းလည်း
  ရည်ချင်းများစွာ၊ ရှိနေပါလည်း
  သူ့မှာသားဦး၊ ရလာထူးသည်
  ရှည်ကြာကာလ၊ စွမ်းမပြဘဲ
  ခန္ဓာမြေခ၊ သက်ဆုံးရ၏။

- သံကိုသံချေး၊ သံကိုဆွေးဟု
  သံချေးကစား၊ သံဖျက်သွားသော်
  ငယ်ဖော်ချင်းချင်း၊ သတိကင်းမဲ့
  ချစ်ခြင်းဖျက်က ဆုံးရှုံးကြ၏။

- မြွေပွေး သိန္ဓော၊ နွယ်မာလောနှင့်
  ပွတ်သောလောင်မီး၊ ပေတစ်သီးလို
  သံကိုသံဖျက်၊ မပျက်လေအောင်
  သတိဆောင်ကာ၊ မေတ္တာမခန်း
  ပြည်မနွမ်းဘဲ၊ စိတ်ပန်းခိုင်ကျည်
  ပွင့်သည်မည်မှ
  လန်းသမျှမွှေး၊ စမ်းတမျှအေး
  ပန်းဘဝလေးလို ချစ်သင့်သည်။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# အော်ပရာ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

အော်ပရာကို ဂီတပြဇာတ်ဟုလည်းခေါ်ကြသည်။ ဒရာမာဟုခေါ်သော အပြောပြဇာတ်ကဲ့သို့ ဇာတ်ကွက်ဇာတ်လမ်းကို စကားပြောဖြင့် သရုပ်မဖော်ဘဲ တေးဂီတဖြင့် သရုပ်ဖော်သည်။ အော်ပရာဇာတ်လမ်းများကို ဂီတစာဆိုများက ရေးဖွဲ့ကြသည်။ ကဗျာစာဆိုက ဇာတ်လမ်းစာသားကိုရေး၍ ဂီတစာဆိုက တေးသွားအလိုက်ကို အသံသွင်းသည်လည်းရှိသည်။ အော်ပရာဇာတ်ချင်းများတွင် ဇာတ်ဝင်သီချင်းရှည်ကြီးများလည်းပါသည်။ ဇာတ်ချင်းများကို ဇာတ်လိုက်၊ ဇာတ်ဆောင်နှင့် ဇာတ်ရံအဆိုတော်များက တစ်ဦးချင်းသီဆိုသည်လည်းရှိသည်။ သံပြိုင်သီဆိုသည်လည်းရှိသည်။ ထို့ကြောင့် အော်ပရာ၏ ပင်မအရင်းအနှီးမှာ သီဆိုရွတ်ဖတ်မှုဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။ အဆိုအပြောလုံးဝမပါသော ဟန်သရုပ်ကဇာတ်နှင့် ဖြောင့်ဖြောင့်ကြီးကွာခြားသည်။ သီဆိုမှုသည် ဇာတ်လမ်းဖြစ်ပွားစဉ်တစ်ရပ်လုံးတွင် စိမ့်ဝင်နစ်မျောနေသည့်ပရိသတ်ကို သယ်ဆောင်သွားသည့်ယာဉ်သဖွယ်ဖြစ်သည်။

ထို့ကြောင့် အော်ပရာကသူ၏ အဓိကအရည်အသွေးမှာ အဆိုပညာကို တစ်ဖက်ကမ်းခပ်တတ်ပွန်ကုံလုံရန်လိုသည်။ ဆိုတတ်သည်မည်ကာမျှဖြင့် မပြည့်စုံ။ အဆိုပညာကို အချိန်များစွာ သီးခြားလေ့ကျင့်သင်ကြားပြီးမှသာ အော်ပရာစင်အထက်သို့ အရည်အချင်းပြည့်မီစွာ တက်နိုင်မည်ဖြစ်သည်။ စစ်မှန်သောအနောက်တိုင်းအော်ပရာတို့သည် ၎င်းအဆိုပညာနှင့် ကိုယ်ဟန်အမူအရာတို့ကို မျှတစွာရောစပ်တန်ဆာဆင်ထားကြလေသည်။

အဆိုတော်များကို တီးဝိုင်းပညာရှင်များက ပံ့ပိုးကြသည်။ တီးဝိုင်းပညာရှင်များသည် အော်ပရာ၏ ဇာတ်ချင်းများအတွက်သာ အထောက်အကူပြု၍ ဇာတ်လမ်းကိုပံ့ပိုးသည်မဟုတ်။ အော်ပရာဇာတ်မစမီ ပဏာမဗျည်းခံဂီတသံများကိုလည်း တီးမှုတ်၍ ပရိသတ်ကိုဖျော်ဖြေရသည်။ အခန်းကူးပြောင်း၊ ပြကွက်အချိန်းအဆက်များတွင်လည်း တီးလုံးများကို တီးပေးရသည်။ အချို့အော်ပရာများ၏ ပဏာမဗျည်းခံတီးလုံးများသည် ကျော်ကြားလူကြိုက်များသည်ထိ တီးဝိုင်းပညာရှင်တို့က စွမ်းခဲ့ကြသည်။ အော်ပရာသည် ဇာတ်ဆောင်များနှင့် တီးဝိုင်းပညာရှင်တို့ ပြန်လှန်ထောက်ကူပြုကြသောနေရာဖြစ်လာခဲ့သည်။

အော်ပရာ၏မူလအစသည် ဂရိပြဇာတ်များဟုဆိုကြသည်။ ဂရိပြဇာတ်များတွင် သံပြိုင်တေးဆိုများပါဝင်သောကြောင့် ဆိုကြခြင်းဖြစ်နိုင်သည်။ ယခုခေတ်အော်ပရာပုံစံမျိုး၏ မူလဇာတိမှာ အီတလီနိုင်ငံဖြစ်သည်။ ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်တွင် အီတလီနိုင်ငံသား ကျော်ကြားသောဂီတစာဆို ဂျကိုပိုပေရီသည် ပထမဆုံးအော်ပရာဟုဆိုနိုင်သော ယူရစ်ဒီးဆီးကို ရေးဖွဲ့ခဲ့သည်။ အဆိုပါအော်ပရာကို ပြင်သစ်ဘုရင် စတုတ္ထဟင်နရီ၏လက်ထပ်မင်္ဂလာပွဲတော်တွင် တင်ဆက်အသုံးတော်ခံရသည်။ နောင်အခါတွင် အကြံတူ နောက်လူသာစမြဲဖြစ်သည့်အတိုင်း မီလန်မြို့သား မွန်တာဗာဒီနှင့် နေပယ်မြို့စား စကာလက်ဘီတို့သည် အသံပို၍စုံစေရန် တီးဝိုင်းဆိုင်ရာတူရိယာများကို တိုးချဲ့ထည့်သွင်း၍ တေးသွားပို၍ငြိမ့်ညောင်းသာယာအောင် ရေးဖွဲ့ကြသည်။ ထိုအချိန်တွင် ဂျာမနီ၊ ပြင်သစ်နှင့် အင်္ဂလန်တို့တွင်လည်း အော်ပရာများ ခေတ်စားလာကြသည်။ ပြင်သစ်နိုင်ငံမှ ဂျိုဗန္နီလျူလီသည် အော်ပရာတွင် ဘဲလေးအခန်းကိုထည့်သည်။ အင်္ဂလန်မှ ဟင်နရီပါဆယ်သည် ဇာတ်လမ်းလေးနက်ခိုင်ခံ့မှုကို အလေးထားရေးဖွဲ့သည်။ ဂျာမနီဂီတစာဆို ဟန်ဒယ်သည် ဂီတကိုအသားပေးသော အော်ပရာများကိုရေး၍ အော်ပရာလောကတွင် ဟန်ဒယ်၏ဩဇာမှာ အတော်ပင်လွှမ်းမိုးခဲ့သည်။

အရှေ့တိုင်းမှ ဇာတ်သဘင်များတွင် အော်ပရာဇာတ်ပွဲမျိုးဟု တထစ်ချဆိုနိုင်သောဇာတ်ပွဲမျိုးမရှိပါချေ။ အနောက်တိုင်းအော်ပရာတို့ကို တုပမှီး၍ မိမိတို့နိုင်ငံအနေအထားစဉ်လာသဘာဝတို့ဖြင့် လိုက်ဖက်အောင် ဆန်းသစ်လာကြခြင်းမျိုးသာရှိသည်။ ခေတ်မီအရှေ့တိုင်းဇာတ်သဘင်နယ်ပယ်များ၌ အကပညာကိုပါ ဖြည့်စွက်တိုးစမ်းကြည့်ခဲ့ကြလေသည်။ ထိုအခါ အဆိုနှင့် ဟန်သရုပ်အပြင် အကကိုပါ ပေါင်းစပ်၍ အသုံးတည့်အောင်မြင်နိုင်ကြောင်း သိရှိလာကြသည့်အခါ အရှေ့တိုင်းအော်ပရာသစ်သည် တစ်ဘာသာခွဲထွက်လာတော့သည်။ အရှေ့တိုင်းအော်ပရာတို့၌ ပီကင်းအော်ပရာသည် ထင်ရှားလာခဲ့သည်ထိ အောင်မြင်ပေါက်မြောက်ခဲ့သည်။

အရှေ့တိုင်းအော်ပရာ၌ အလင်္ကာကျော်စွာရွှေမန်းတင်မောင် ကပြသွားသည့် "ဝဏ္ဏပထ"အော်ပရာဇာတ်ထုပ်ကို သုံးသပ်ကြည့်လျှင် အလွန်ထူးခြားဆန်းသစ်သည့်အဆို၊ အက၊ ဟန်သရုပ်ပညာများ တွေ့မြင်နိုင်သည်။ အလင်္ကာကျော်စွာရွှေမန်းတင်မောင်သည် အော်ပရာ၏မူလအရင်းသနွေဖြစ်သော အဆိုပညာကို မည်မျှနှစ်ရှည်လများ ထုံမွမ်းတတ်မြောက်ထားသည်ကို အကဲဖြတ်နိုင်သည်။ တစ်ဖန် တိုးစမ်းကြည့်ရာမှ အကျိုးရလဒ်ကြီးမားမှုကို လက်တွေ့ရရှိခဲ့သည်။ အကပိုင်းသည် ပါလေဟန်ပင်မကဘဲ၊ ရိုးရာတွင် ဟန်သရုပ်ကိုမွမ်းမံကာ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့ကို မျှတစွာစပ်ရောပြထားခဲ့သည်။ အစဉ်အလာဇာတကတစ်ပုဒ်ကို ခေတ်သုံးစကားလုံးများဖြင့် အမျိုးသားဂီတသံလွှင်လွှင်သုံးလျက် သံစဉ်အဆစ်၊ အချိုး၊ အကွေ့ထောင့်များမှ သံရှိန်ဩဇာနှင့် ထပ်တူကျလျက် ကိုယ်နေကိုယ်ထား၊ လက်သွားခြေယူ၊ အမူအရာ၊ မျက်နှာပေးတို့က စည်းဝါးတကျလှုပ်ရှားပြသခြင်းဖြင့် ပေးလိုသည့်စေတနာကို သက်ရောက်စေတော့သည်။ ပညာဖြင့် ပျိုး၊ နှိုး၊ တက်၊ ထွတ်၊ ဆင်း၊ သိမ်း၊ နိုင်ခြင်းကြောင့်လည်း သီးပွင့်လာမှုသည် အမှတ်ထင်ထင်ဖြစ်ခဲ့ရသည်။

"လာကြဟေ့... ခရီးစသွားမယ်... လာကြဟေ့...။ ငွေရောင်ပြာပြာကောင်းကင်မှာ... ကြယ်ကိုကြည့်ကာသွားကြမယ်၊ တစ်ပြည်ကခွာ တစ်ပြည်သွားတဲ့ရောင်းရင်းတွေ... ရောင်းရင်းတွေ...။ ပြောတာတွေအသာထား... လှည်းသားတွေ လှည်းသားတွေ... ဟဲ့နွား... အိုဟဲ့နွား"

"ကန္တာမှာ နက္ခတ်မာလိန်မှူး၊ သူအရေးကြီး။ အဏ္ဏဝါမှာ ပဲ့ကိုင်မာလိန်မှူး၊ သူအရေးကြီး" စသည့် အော်ပရာပါဂီတတေးသွားစာသားတို့သည် မြန်မာပွဲပရိသတ်အတွက် ရင်ကိုစူးနစ်စေခဲ့သည်။ မာလိန်မှူးတို့၏တာဝန်ကို ပိုမိုသတိပေးထားသလို နောက်လိုက်ကောင်းတို့၏နီတိကိုလည်း မီးမောင်းထိုးပြနိုင်သည်။ အနောက်တိုင်းအော်ပရာ သို့မဟုတ် အရှေ့တိုင်းအော်ပရာမျိုးမဟုတ်ဘဲ မြန်မာကသော မြန်မာအော်ပရာဟု ပြောနိုင်သည်။ မြန်မာအော်ပရာများသည် ဇာတ်ခုံအခင်းအကျင်းသာမက အကအခုန်များလည်းပါသည်။ အကအခုန်တို့မှာလည်း အချို့အော်ပရာများမှာ ဘဲလေးသဘောမျိုးလည်းမဟုတ်ချေ။ ခွဲထွက်လာသည်ဟုပြောနိုင်သည်။ အနောက်တိုင်းအော်ပရာ စစ်စစ်လည်းမဟုတ်ချေ။

အော်ပရာဇာတ်လမ်းရေးဖွဲ့မှုများသည် အမျိုးမျိုးဖြစ်သည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းကာ နိုင်ငံအလိုက် ကွဲပြားမှုလည်းရှိသည်။ ဇာတ်လမ်းတစ်ခုလုံးကို အပြောမပါ အဆိုချည်းသက်သက်ဖြင့် သရုပ်ဖော်သွားသော အော်ပရာမျိုးကို ဂရန်းအော်ပရာဟုခေါ်သည်။ တေးသံမသွင်းသောလင်္ကာရွတ်သည့်အခါတွင် အတီးပိုင်းကပံ့ပိုးပေးကြသည်။ ဇာတ်လမ်းလေးနက်ခိုင်မာ၍ အလွမ်းဖြင့်ဇာတ်သိမ်းသောကြောင့် မူလက ဂရန်းအော်ပရာကို အော်ပရာဆီးရီးယားဟုခေါ်သည်။ နောင်အခါ ဗေထိုးဗင်၏ ဖီဒီလီယိုအမည်ရှိ ဂရန်းအော်ပရာတွင်မူ အရေးပါသောအခန်းများ၌ တေးဂီတဖြင့် သရုပ်မဖော်ဘဲ အပြန်အလှန်စကားပြောခန်းထည့်ထားသည်မှာ ခြွင်းချက်တစ်ခုဖြစ်သည်။

ပြင်သစ်နိုင်ငံမှ အော်ပရာကိုမက်တွင်လည်း သီချင်းမဆိုဘဲ အပြန်အလှန်စကားပြောခန်းပါသည်။ ရယ်စရာဇာတ်ကွက်ပါသော ပြင်သစ်အော်ပရာတစ်မျိုးကို အော်ပရာဗူဖီးဟုခေါ်သည်။ အီတလီနိုင်ငံမှ အော်ပရာဗူဖာသည် ဇာတ်မြူးတစ်ခုဖြစ်၍ တေးဂီတဖြင့်သာ သရုပ်ဖော်သွားပြီး စကားပြောမပါချေ။ အမေရိကန်နိုင်ငံတွင် ဂရန်းအော်ပရာဟုပင်ခေါ်သော အော်ပရာမျိုးလည်းရှိသေးသည်။ ရယ်မြူးစရာပါသောအော်ပရာမျိုးကိုမူ လိုက်အော်ပရာ သို့မဟုတ် ကော်မစ်အော်ပရာဟုခေါ်သည်။ အဆိုပါအော်ပရာများတွင် စကားပြောများပါသည်။ အမေရိကန် ဂီတစာဆိုကျော်ကြီးများဖြစ်ကြသော ဂီးလဗတ်နှင့် ဆာလီဗန်တို့၏ မီကာအော်ပရာသည် လိုက်အော်ပရာမျိုးဖြစ်သည်။ အော်ပရက်တာဟုခေါ်သော အမေရိကန်အော်ပရာတစ်မျိုးရှိသေးရာ ရှင်ပျော်ပျော်ဇာတ်လမ်းတွင် စိတ်ကူးယဉ်အဖွဲ့ကို အလေးထားတင်ပြသည်။ ဂီတစာဆို ရှူးဗတ်၏ဘဝနှင့် ၎င်း၏တေးသီချင်းများကိုထည့်သွင်းထားသော ဗလော့ဆမ်းတိုင်းအော်ပရာသည်လည်း အော်ပရက်တာအမျိုးအစားပင်ဖြစ်သည်။ ထို့ပြင် ဇာတ်လမ်းဇာတ်ကွက်မည်မည်ရရမပါဘဲ ဇာတ်ခုံအခင်းအကျင်းခမ်းနားထည်ဝါမှုနှင့် ဝတ်စားဆင်ယင်လှပဆန်းကြယ်ခြင်းကိုအလေးထားသော အော်ပရာတစ်မျိုးကိုလည်း အမေရိကန်၌လူကြိုက်များသည်။ ၎င်းကို ဂီတပြဇာတ်မြူးဟုခေါ်ကြသော်လည်း အော်ပရက်တာဟုသာခေါ်သင့်သည်။ ၎င်းဂီတပြဇာတ်မြူးများအတွက် တေးဂီတများကို ဗစ်တာဟာဗက်တ အများဆုံးစပ်ဆိုပေးသည်။

အပြန်အလှန်စကားပြောရင်း၊ တေးဂီတဖြင့်လည်း တေးသီဆိုရင်း၊ ဂီတပြဇာတ်မြူးဆန်သော မြန်မာအော်ပရာ ရွှေကုန်သည်သည် နိုင်ငံတကာသဘင်မှ အနုပညာနယ်နှင့် ပခုံးချင်းယှဉ်တင်ဆက်နိုင်သည်ကို တွေ့ရသည်။ စိတ်ထားဖြူစင်သူ ရွှေကုန်သည်နှင့် စိတ်ထားညစ်ညမ်းသူ ရွှေကုန်သည်တို့ ဦးစွာဆုံတွေ့ခန်း၌ စကားပြောများဖြင့်သာ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ကြသည်။ "ရွှေကုန်သည်လာပြီဗျ ခင်နှမတို့ ဆင်သဖွယ်ရာ" အစချီထားသော ဗုံထောက်တေးသွားမှာလည်း မြူးလှသည်။ အထည်ကြီးပျက် ဘွားအေ၏ "မိုးကမျက်ရည်၊ ခွေသည့်အလားအကြည်၊ ယြော်... တို့မြေးအဘွားအားငယ်သားသည်"ဟူသည့် အမှိုင်တေးသွားကလည်း မမြူးလွန်းရန် ဟန့်သည့်နှယ်ရှိသည်။ ဤအော်ပရာမျိုးကိုအမည်တပ်ရန် တွေးဆခက်ခဲသည်။ မြန်မာအော်ပရာဇာတ်ကြီးဟုသာ စာရေးသူက အမည်ပေးချင်သည်။

မြန်မာအော်ပရာရေးသားသူတို့သည် မြန်မာဇာတ်ကြီးရေးဟန်နှယ် အပျိုး၊ အနိုး၊ အတက်၊ အခက်၊ အဆင်း၊ အဖြည်၊ အသိမ်းတို့ကို ပုံနိမိတ်ဖော်ဆောင်လျက် ရေးသားကြသည်။ ဇာတ်လမ်းနှင့်ကိုက်ညီသည့် စကားဝေါဟာရ၊ ကာရန်နဘေအစပ်အဟပ်တို့ကို စုစည်းကြသည်။ မြန်မာတူရိယာအမျိုးမျိုးဖြင့် လက်တွေ့ဖော်စမ်းသောမူတည်သံ(ကီး) အပြောင်းအလဲများ ပြေပြစ်ချောမွေ့အောင် တေးစာသားကို အသံထည့်သည်။ သီဆိုသရုပ်ဆောင်မည့်သူ၏ အသံစွမ်းအင်အရ မူတည်သံများကို လိုအပ်သလိုပြောင်းလဲပေးကြသည်။ တေးစာသားရေးစပ်ဖွဲ့ဆိုကြရာတွင်လည်း ဇာတ်လမ်း၏ထိန်းချုပ်အောက်မှာ ရှိနေကြသည်။ ဇာတ်ကိုညက်စွမ်းရှိသမျှ အတတ်အကျ ပြုပြင်စီရင်နိုင်ကြသည်။ ခေတ်ပေါ်တီးဝိုင်းကိုပါ တွဲဖက်သုံးမည်ဆိုပါက တေးဂီတဆိုင်ရာစီမံခန့်ခွဲမှုကို လေးလေးနက်နက် ဆောင်ရွက်နိုင်ကြသည်။ ကဗျာစာဆိုသည် သူ့၌ရှိသော သီကုံးဖွဲ့နွဲ့မှုအတတ်ဖြင့် ဂီတစာဆို၏နှလုံးသားကို လှုပ်ခတ်နှိုးကာ အောင်မြင်သောအော်ပရာတစ်ပုဒ်ကို မွေးဖွားနိုင်ကြသည်ဟုဆိုရမည်ဖြစ်သည်။

သီဆိုရွတ်ဖတ် ကပြသရုပ်ဆောင်မည့်သူသည်လည်း အရေးကြီးသည်။ မြန်မာအော်ပရာကို ကပြခဲ့ကြသူများကို လေ့လာကြည့်လျှင် ပွဲကြည့်ပရိသတ်တို့၏ ခံစားမှုအာရုံအစုစုကို ချုပ်ကိုင်ထိန်းကျောင်းလျက် ဇာတ်ဖြစ်စဉ်တစ်ရပ်လုံးကို စိမ့်ထုံပျော်ဝင်စေရန် ညှို့ငင်ဖမ်းစားထားရမည့်တာဝန်ကို ကျေပွန်ခဲ့ကြသည်။ အံ့ဩချောက်ချားမိန်းမောမှင်သက်လျက် တေးစာသားနောက်လိုက်ပါကာ ဇာတ်ကို သေသေသပ်သပ်နိဂုံးချုပ်တတ်ကြသည်။ မြန်မာအော်ပရာပညာရှင်တို့၏ ရင်၊ လည်ချောင်း၊ အာခံတွင်း၊ လျှာ၊ သွား၊ နှုတ်ခမ်းလွှာ၊ နှာနုတို့ကဖြစ်ပေါ်စေတတ်သည့် ဌာန်ခုနစ်ပါးသည် တို၊ ရှည်၊ လေး၊ ပေါ့၊ တင်း၊ လျော့၊ စ၊ ဖြတ်၊ ပိတ်၊ ဖွင့် ဟူသည့် ကရိုဏ်း ၁၀ ပါးနှင့် ကုံလုံပြည့်စုံနေကြပြန်သည်။

မြန်မာအော်ပရာသည် ဖြစ်စဉ်မရှည်လျားသော ဇာတကတို့ကို ရွေးထုတ်ကပြကြသည်။ ဖြစ်စဉ်ရှည်လျားသည့် ဇာတ်ဆိုပါက၊ ဥပမာအားဖြင့် မဟော်သဓဇာတ်တော်လာ ငယ်ဘဝတရားစီရင်ဆုံးဖြတ်တစ်ရပ်ရပ်ကိုသာ ကောက်နုတ်၍ အော်ပရာနယ်ကပြကြသည်။ အော်ပရာဇာတ်ကို တင်ဆက်ရာတွင် ကျမ်းဂန်စာပေ၊ တီးမှုတ်မျိုးဂီတ၊ အက၊ သရုပ်သကန်ဖော်အတတ်နှင့် အနုပညာများရောမွှေလျက် ထုတ်လုပ်ကြခြင်းဖြစ်သည်။ မြန်မာအော်ပရာသည် မြန်မာဆန်၍ ကမ္ဘာ့အဆင့်မီမြန်မာအော်ပရာဟုလည်း ဆိုနိုင်သည်။ မိမိတို့ အမျိုးသားကိုယ်ခံအားကို အရင်းတည်ကာ ကျွမ်းကျင်သောအနုပညာရှင်များ တည်ဆောက်ခဲ့ကြသည့် မြန်မာအော်ပရာတို့ ခက်လက်ဝေဆာဖွံ့ဖြိုးနိုင်ရေးအတွက် သဘင်မျိုးဆက်တို့ မျက်ခြည်မပြတ်ကြရန် တိုက်တွန်းလိုက်ရပါသည်။

❖ မြန်မာအော်ပရာရေးသားသူတို့သည် မြန်မာဇာတ်ကြီးရေးဟန်နှယ် အပျိုး၊ အနိုး၊ အတက်၊ အခက်၊ အဆင်း၊ အဖြည်၊ အသိမ်းတို့ကို ပုံနိမိတ်ဖော်ဆောင်လျက် ရေးသားကြသည်။ ဇာတ်လမ်းနှင့်ကိုက်ညီသည့် စကားဝေါဟာရ၊ ကာရန်နဘေအစပ်အဟပ်တို့ကို စုစည်းကြသည်။ မြန်မာတူရိယာအမျိုးမျိုးဖြင့် လက်တွေ့ဖော်စမ်းသောမူတည်သံ (ကီး) အပြောင်းအလဲများ ပြေပြစ်ချောမွေ့အောင် တေးစာသားကိုအသံထည့်သည်။ သီဆိုသရုပ်ဆောင်မည့်သူ၏ အသံစွမ်းအင်အရ မူတည်သံများကို လိုအပ်သလိုပြောင်းလဲပေးကြသည်။ ❖

**ကိုးကား**

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၅)

၂။ ဗိုလ်ကျော်ဆန်း(ပွဲဦးရွှေအလင်္ကာ)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငရုတ်ပွသီးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငရုတ်ပွသီး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ငရုတ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ငရုတ်ပွသီးပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ငရုတ်ပွသီး ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငရုတ်ပွသီးတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်မှာ လက်ရှိ ငရုတ်ပွသီးပဲမဟုတ်ဘဲ အခြား ငရုတ်သီးတွေလဲ တင်ပို့ရောင်းချနေရပါတယ်။ ပန်းတနော်ကနေ ထွက်တဲ့ ငရုတ်ပွသီးတွေကို ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်" ဟု ပန်းတနော်မြို့နယ် ငရုတ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်ငရုတ်ပွသီးများကို စနစ်တကျ ရွေးချယ်သန့်စင်ထုပ်ပိုးပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် တောင်သူများသည် ငရုတ်ပွသီးအပြင် ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ဖရဲသီး၊ နာနတ်သီး၊ ကြံ၊ ခရမ်းချဉ်သီး စသည့်သီးနှံအမျိုးအစားများကိုလည်း စိုက်ပျိုးကြကြောင်း၊ အဆိုပါ ငရုတ်ပွသီးကိုတောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိစိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဘားအံ မတ် ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းထိုက်ဌေး၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာအေး၊ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယွန်းမှီမှီနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာရင်းဇယားများ ပုံမှန်ပြည့်သွင်းခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၆၀ ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၁၈၄ ဧက စိုက်ပျိုးပြီးစီး

**ရေဦး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၁၈၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၅၁၈၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၁၈၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ နေကြာသီးနှံ ၁၅၁၈၄ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ လျာထားဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆောင်းနေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးဖို့ ဆောင်ရွက်ပေးတယ်။ နေကြာတိုးချဲ့စိုက်ပျိုးဖို့အတွက်လဲ လုပ်ဆောင်ပေးနေပါတယ်။ နေကြာစိုက်ပျိုးမှုက မိုးမှာထက် ဆောင်းမှာ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ရေဦးခရိုင်တွင် မြို့နယ်အလိုက် ဆောင်းနေကြာသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၆၉၈ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၈၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၈၂၉၉ ဧက စုစုပေါင်း ၁၅၁၈၄ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၆၉၈ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၈၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၈၂၉၉ ဧက စုစုပေါင်း ၁၅၁၈၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မက်မန်းမြို့နယ် ရောင်အူကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မက်မန်း မတ် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ရောင်အူကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မက်မန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်နှင့် ဝန်ထမ်းများက ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၄၀ ကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရောင်အူကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် လေးသန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၉ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၆ ဒသမ ၈ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၇ ဦးကို ငွေကျပ် သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# မြိတ်မြို့နယ် ဝါးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မြိတ် မတ် ၆**


တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါးကုန်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဝါးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများ၊ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ဝါးကုန်းကျေးရွာ၌ အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ အရှည် လေးပေ ကိုးလက်မ၊ အကျယ် ပေ ၂၀၊ အမြင့် လေးပေ ကိုးလက်မရှိသော Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ရန်ပုံငွေကျပ် ၁၃၆ ဒသမ ၂၇၇ သန်းဖြင့် မျိုးဆက်မြန်မာကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇူလိုင်လက စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဝါးကုန်းကျေးရွာရှိ အိမ်ခြေ ၇၄ အိမ်၊ လူ ၄၂၂ ဦးတို့၏ လယ်ယာစိုက်ပျိုးမြေ ၁၅၇ ဧကမှထွက်ရှိမည့် ထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# မြတ်ဗုဒ္ဓ၏အဆုံးအမဖြင့် ဘဝကိုဖြတ်သန်းခြင်း

ကျွန်းသားမေန်း

ဩကာသလောကကြီးသည် သူ့အစီအစဉ်အတိုင်း မှန်မှန်ဖြစ်ပေါ် လျက်ရှိနေသည်။ နေဝင် နေထွက်၊ လဝင်လထွက် ဂြိုဟ်နက္ခတ်တာရာတို့သည်လည်း သူ့ရာသီနှင့်သူ လည်ပတ်ထွန်းပလျက်ရှိနေကြပြန်သည်။ သစ်ပင်ပန်းမန်တို့မှာလည်း အခါရာသီနှင့်အညီ ဖူးပွင့်နေကြသည်။ သဘာဝတရားသည် လောကကြီးကို အစီအစဉ်တကျ အလှဆင်နေသည်။ တစ်နေ့ကုန်၊ တစ်နေ့ဟောင်းပြီး နေ့ရက်အသစ်တို့ ဖြစ်ပေါ်လာသည်။ စာရေးသူအပါအဝင် လူတို့၏အသက်မှာလည်း ရက်၊ လ၊ ရာသီအကူးအပြောင်းနှင့်အတူ ရွေ့လျားကြီးပြင်းလာသည်။ နုပျိုခြင်းမှ အိုမင်းခြင်းသို့လျှောက်လှမ်းနေခြင်းလည်းဖြစ်သည်။

**သူတော်ကောင်းတရား ခုနစ်ပါး**

စာရေးသူမှာ ဘဝခရီးကိုလျှောက်လှမ်းရင်း အသက်များ တစ်နှစ်ပြီးတစ်နှစ် ကြီးလာသည်။ လျှောက်လှမ်းခဲ့သောခရီးတွင် ဘဝ၏လောကဓံတရားများကိုလည်း ကြုံတွေ့ခဲ့ရသည်။ ဆိုရလျှင်ဘဝခရီးတွင် အဆင်ပြေချောမွေ့ခဲ့သည်များရှိသကဲ့သို့ ဆင်းရဲကြမ်းတမ်းသောဘဝများကိုလည်း ဖြတ်သန်းခဲ့ရသည်။ စာရေးသူမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့်လည်း လူ့ဘဝတွင် အသက်ရှင်ရပ်တည်နေထိုင်ရာ၌ အတတ်နိုင်ဆုံး မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရန် ကြိုးစားအားထုတ်ခဲ့သည်။ စာရေးသူဖြတ်သန်းလျှောက်လှမ်းခဲ့ရသည့် ကုန်လွန်ခဲ့ပြီးသော နှစ်ကာလများအတွင်း ကြံစည်၊ ပြုမူ၊ ပြောဆိုလုပ်ဆောင်ခဲ့သော လုပ်ရပ်များသည် လူသားတစ်ယောက်၌ရှိအပ်သော ကိုယ်ကျင့်တရားနှင့်အညီ ဖြစ်ခဲ့ပါသလား သုံးသပ်ဝေဖန်မိသည်။

မြတ်ဗုဒ္ဓက လူကောင်းတစ်ဦးဖြစ်ရန်၊ လူကောင်းတစ်ဦးအဖြစ် ကျင့်ကြံနေထိုင်ရန် သူတော်ကောင်းတရားခုနစ်ပါးကို ဟောကြားတော်မူခဲ့သည်။ ၎င်းတို့မှာ ရတနာသုံးပါး၏ဂုဏ်ရည်၊ ကံကံ၏အကျိုးတို့၌ ယုံကြည်ခြင်း၊ ကိုယ်နှုတ်စောင့်စည်းခြင်း၊ မကောင်းမှု၌ အရှက်ရှိခြင်း၊ မကောင်းမှု၌ အကြောက်ရှိခြင်း၊ အကြားအမြင်များခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ဟုတ်မှန်စွာသိရှိခြင်းတို့ပင်ဖြစ်သည်။

သဒ္ဓါဆိုရာတွင် ဘုရား၊ တရား၊ သံဃာကိုယုံကြည်ခြင်း၊ ကံကံ၏အကျိုးတရားကို ယုံကြည်ခြင်းပင်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာကို ယုံကြည်ခြင်းကား ပြောဖွယ်ရာမရှိ။ မျက်မှောက်ကာလတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သည်။ ထို့အတူ ကံကံ၏အကျိုးကိုယုံကြည်မှသာ မကောင်းမှုကိုရှောင်၍ ကောင်းမှုကိုလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ကိုယ်နှုတ်ကို စောင့်စည်းခြင်းဆိုသည့် သီလတရားတွင်လည်း လူသားတို့ကျင့်သုံးအပ်သည့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်အားဖြင့် ကျင့်ဆောင်မှုများရှိသည်။ အနည်းဆုံး ငါးပါးသီလတစ်ခုတည်းကိုပင် ဆောက်တည်နိုင်လျှင် ကိုယ်ကျင့်တရား ကောင်းမွန်သူတစ်ဦးဖြစ်သည်။ ယုတ်စွအဆုံး ငါးပါးသီလတစ်ခုတည်းကို စောင့်ထိန်းနိုင်လျှင်ပင် မကောင်းမှုဒုစရိုက်များကို ပြောဆို၊ ပြုမူ၊ လုပ်ဆောင်ကြံစည်တွေးတောရမည်ကို ရှက်တတ်လာ

> ❖ ဒေါသစိတ်ခေါင်းပါးရန်ဆိုသည်မှာလည်း လွယ်သည်တော့မဟုတ်။ ဥပေက္ခာတရားထားနိုင်မှဖြစ်သည်။ ဥပေက္ခာဆိုသည်မှာ အလွန်မြင့်မားလှသည်။ ဥပေက္ခာပြုလိုက်သည်ဆိုပြီး မခေါ်၊ မပြောနေခြင်းကိုပင် ဥပေက္ခာပြုသည်ဟု ထင်မှတ်တတ်ကြသည်။ တကယ့်ဥပေက္ခာဆိုသည်က မခေါ်၊ မပြောနေခြင်းမျိုးမဟုတ်ဘဲ ကူညီသင့်တာကူညီ၊ လုပ်ဆောင်ပေးနိုင်တာရှိလျှင် လုပ်ဆောင်ပေးခြင်းတို့တွင် အချစ်၊ အမုန်းကင်းစင်သည့် စိတ်ဓာတ်ကိုဆိုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောဥပေက္ခာစိတ်ထားနိုင်ပြီဆိုလျှင် ဒေါသစိတ်များခေါင်းပါးလာပြီး စိတ်ချမ်းသာစရာများကိုသာ ကြုံရနိုင်မည်ဖြစ်သည်။ ❖

မည်ဖြစ်သည်။ ထိုသို့အကျင့်အကြံများပြုလုပ်နေထိုင်တတ်ရန်လည်းဟုတ်၏၊ မဟုတ်၏ ပိုင်းခြားသိမြင်နိုင်သောပညာများ၊ အကြားအမြင် ဗဟုသုတများရှိရန်လိုသည်။ ထို့ကြောင့်ပင် မိမိကိုယ်ကို ဝေဖန်ပိုင်းခြားသုံးသပ်ကာ သူတော်ကောင်းတရား ခုနစ်ပါးနှင့်အညီ ကျင့်ကြံဖြစ်အောင် ကြိုးစားခဲ့မိသည်။ သို့ရာတွင် မိမိ၏လုပ်ဆောင်ချက်များသည် စင်းလုံးချော၊ ခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ခဲ့သည်ကိုတော့ သတိပြုမိသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော စာရေးသူ၏စိတ်သန္တာန်၌ ဗုဒ္ဓ၏အဆုံးအမများက အထိုက်အလျောက်ရှိနေသည်ဖြစ်ရာ ဖော်ပြခဲ့သည့် ကိုယ်ကျင့်တရားများကို စောင့်ထိန်းကျင့်ကြံခဲ့ရာ၌ အကောင်းဆုံးဖြစ်အောင် နေထိုင်ကျင့်ကြံဖြစ်ခဲ့သည်ကိုတော့ ကြည်နူးဝမ်းသာဖြစ်ခဲ့ရသည်။

စာရေးသူ၏အသက်မှာ ၈၀ ကျော်အရွယ်သို့ ရောက်လာခဲ့ပြီ။ အချိန်ကာလအပိုင်းအခြားအားဖြင့်ဆိုပါက ပထမအရွယ်၊ ဒုတိယအရွယ်များကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ တတိယအရွယ်သို့ရောက်ရှိလာနေပြီဖြစ်ကာ အိုမင်းခြင်းဇရာကို အန်တုနေရပြီဖြစ်သည်။ ဇရာကိုအန်တုသော်လည်း စာရေးသူကနိုင်ဖွယ်မရှိတော့။ အရှုံးကိုလက်သင့်ခံပြီး ရှေ့သို့သာခရီးဆက်ဖြစ်နေသည်။ ဤသို့ခရီးဆက်ရင်း စာရေးသူ၏ကျန်ရှိသောကာလများကို သုံးသပ်မိပြန်သည်။

ပြောရမည်ဆိုပါက အသက်ရှည်ရှည်နေရခြင်းသည် မင်္ဂလာရှိသောအချိန်ကာလများပင်ဖြစ်သည်။ တစ်နှစ်အသက်ရှည်ခြင်းဖြင့် နောက်ထပ်တစ်နှစ် တိုးကာ ကုသိုလ်ကောင်းမှုများကို ပြုလုပ်နိုင်သည် မဟုတ်ပါလား။ အသက်တစ်ရက်ရှည်ခြင်းဖြင့် တစ်ရက်ကောင်းမှုကုသိုလ်ကို လုပ်ဆောင်နိုင်သည်မဟုတ်ပါလား။ စိတ်ထားတတ်ရန်သာလိုသည်။ ထို့ကြောင့်လည်း မိမိသည် လူ့လောက၊ လူ့ဘဝ၊ လူအများအတွက် ကောင်းကျိုးဆောင်မှုမေတ္တာတရား၊ ဖြဟ္မစိုရ်တရားပြည့်ဝသူတစ်ယောက်ဖြစ်ခဲ့ပါသလား။ လူသားတစ်ဦး၌ရှိနေရမည့် မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာတရားများကိုလည်း ဆင်ခြင်စဉ်းစားမိသည်။

**မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ**

မေတ္တာဆိုသည်မှာ ကိုယ့်အတွက်လောဘပါရှိခြင်းမရှိ။ တစ်ဖက်သား၏အကျိုးကို မျှော်ကိုးခြင်းသာဖြစ်သည်။ သူတစ်ပါး၏အကျိုးစီးပွားကို မျှော်မှန်းခြင်းဖြစ်သဖြင့် မြင့်မြတ်သော စိတ်နေသဘောထားလည်းဖြစ်သည်။ မေတ္တာတရားကိုအခြေခံပြီး ကရုဏာတရားဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သူတစ်ပါး ဒုက္ခရောက်နေသည့်အခါ အကြင်နာတရားများဝင်လာပြီး သူခံစားနေရသည့်ဒုက္ခတရားကို မည်သို့မည်ပုံဖြေရှင်းပေးနိုင်သလဲဆိုသည့် နှလုံးသား၏လှုံ့ဆော်မှုများဖြစ်လာခြင်းကပင် ကရုဏာသက်ခြင်းကို ဖြစ်ပေါ်စေသည်။ ကရုဏာတရားမှ ဆင့်ပွားလာသောကိုယ်ချင်းစာတရားသည် မေတ္တာတရားကို တစ်နည်းတစ်ဖုံ အထောက်အကူပြုသည်ဖြစ်လေရာ တစ်ဦး၏အကျိုးရှိကြောင်းကို ရှာဖွေလုပ်ဆောင်ပေးခြင်းပင် မေတ္တာတရားဖြစ်သည်။ ဆိုရပါက မေတ္တာတရားသည် ဒေါသတရားခေါင်းပါးခြင်း၏အကြောင်းရင်းပင်ဖြစ်သည်။

ဒေါသစိတ်ခေါင်းပါးရန်ဆိုသည်မှာလည်း လွယ်သည်တော့မဟုတ်။ ဥပေက္ခာတရားထားနိုင်မှဖြစ်သည်။ ဥပေက္ခာဆိုသည်မှာ အလွန်မြင့်မားလှသည်။ ဥပေက္ခာပြုလိုက်သည်ဆိုပြီး မခေါ်၊ မပြောနေခြင်းကိုပင် ဥပေက္ခာပြုသည်ဟု ထင်မှတ်တတ်ကြသည်။ တကယ့်ဥပေက္ခာဆိုသည်က မခေါ်၊ မပြောနေခြင်းမျိုးမဟုတ်ဘဲ ကူညီသင့်တာကူညီ၊ လုပ်ဆောင်ပေးနိုင်တာရှိလျှင် လုပ်ဆောင်ပေးခြင်းတို့တွင် အချစ်၊ အမုန်းကင်းစင်သည့် စိတ်ဓာတ်ကိုဆိုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သော ဥပေက္ခာစိတ်ထားနိုင်ပြီဆိုလျှင် ဒေါသစိတ်များခေါင်းပါးလာပြီး စိတ်ချမ်းသာစရာများကိုသာ ကြုံရနိုင်မည်ဖြစ်သည်။ အထူးသဖြင့် တိုးတက်ကြီးပွားသူများ၊ အောင်မြင်သွားသူများအပေါ် အပြစ်မမြင်ဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပွားမှု စိတ်နေသဘောထားမျိုးဖြစ်သည့် မုဒိတာတရားပွားများနိုင်အောင်လည်း ကြိုးစားကြရမည်ဖြစ်သည်။

**ကောင်းမွန်သောဘဝနေနည်း**

ဘဝတွင် တစ်နာရီ၊ တစ်ရက်အချိန်ပိုနေရခြင်းသည် နှလုံးသွင်းဆင်ခြင်နိုင်လျှင် မြင့်မြတ်သောနေထိုင်ခွင့်ရနေခြင်းပင်ဖြစ်သည်။ ဤအချိန်ကာလများတွင် ကုသိုလ်ကောင်းမှုတစ်ခုခုကိုပြုလုပ်နိုင်ကြသည်။

အလှူဒါနပြုလုပ်ခြင်း၊ ဝိပဿနာတရားများ ဆင်ခြင်အားထုတ်ခြင်း စသည်များကို မိမိစွမ်းနိုင်သလောက်လုပ်ဆောင်ခြင်းဖြင့် မိမိ၏ဘဝအချိန်ကာလများကိုဖြတ်သန်းကြရမည်။ ပြောရမည်ဆိုပါက ခန္ဓာကိုယ်သန့်ရှင်းရန်ထက် စိတ်သန့်ရှင်းရန် ပိုအရေးကြီးသည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်အတွက် ထိခိုက်နစ်နာခြင်းမရှိစေဘဲ အကျိုးရှိစေမည့်အကြံအစည်၊ အပြောအဆို၊ အလုပ်အကိုင်များကိုဆောင်ရွက်ခြင်းကသာ လူ့ဘဝ၏ကောင်းမွန်သောဘဝနေနည်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသ(Ph.D)၏ကပ်ကြီးသုံးပါးကျော်လွှားရေးတရားတော်**

# စလင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မတ် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို မတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။



အဆိုပါ ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၅ ဦးကို ငွေကျပ် ၃၂ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သန်းသန်းစိုး**

# မြန်မာလူမျိုးတို့၏ ငှက်ပျောဓလေ့၊ အုန်းဓလေ့

**ကိုကျော်စွာ(ကျိုက်ပိ)**



မြန်မာလူမျိုးတို့သည် မိရိုးဖလာယုံကြည်မှုများရှိကြသည်။ ကိုးကွယ်ရာဘာသာတရားသည်လည်း မိရိုးဖလာ လက်ဆင့်ကမ်းယူဆောင်ကိုးကွယ်ခဲ့ကြသည်။ ယုံကြည်ရာရိုးရာဓလေ့သည်လည်း မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းယူဆောင်လာခဲ့ကြသည်။ သားစဉ်မြေးဆက် ဘာသာတရား၊ ရိုးရာဓလေ့ယုံကြည်မှုများကို လက်ဆင့်ကမ်းယူဆောင်ကိုးကွယ်ခဲ့သည်။ ယုံကြည်မှုအမျိုးမျိုးရှိကြသလို ဓလေ့အမျိုးမျိုးလည်းရှိသည်။ ထိုဓလေ့များအနက် အုန်းငှက်ပျောပွဲထိုးခြင်းဓလေ့လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**ငှက်ပျောပင်သမိုင်း**

ငှက်ပျောသီးကို အင်္ဂလိပ်လို Banana ဟုခေါ်သည်။ ရုက္ခဗေဒအမည်မှာ Musa Sapientum ဖြစ်ပြီး Musaceae မျိုးရင်းဖြစ်သည်။ ငှက်ပျောသီးကို ဘီစီ ၅၀၀၀ လောက်က စတင်စားသုံးခဲ့ကြရာ ကမ္ဘာ့ရှေးအကျဆုံးအပင်တစ်မျိုးဖြစ်သည်။ ငှက်ပျောပင်၏ မူရင်းဒေသကို အပူပိုင်းအမေရိကတိုက်ဒေသဟု ယုံကြည်ကြသော်လည်း နောက်ပိုင်းမြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း ပညာရှင်တို့ အတည်ပြုခဲ့ကြသည်။ သို့သော် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခဒေါက်တာဆလိုင်းထွန်းသန်း၏အဆိုမှာ ငှက်ပျောပင်၏မူရင်းဒေသကို တိတိကျကျဖော်ပြနိုင်ရန် အခက်အခဲတစ်ခုမှာ လူသမိုင်းမစတင်မီ ရှေးပဝေသဏီကာလကပင် ငှက်ပျောမျိုးသည် တစ်မျိုးနှင့်တစ်မျိုး သဘာဝအတိုင်း ရောနှောမျိုးစပ်နေခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုထားသည်ကို တွေ့ရသည်။

**အုန်းသီး၏ဝေါဟာရ**

ငှက်ပျောအကြောင်းပြောလျှင် အုန်းသီးအကြောင်းလည်း အနည်းငယ်ပြောရန်လိုပေလိမ့်မည်။ အုန်းသီးကို ရုက္ခဗေဒအမည်အရ Cocos Nucifera ဟုခေါ်သည်။ အင်္ဂလိပ်အမည်မှာ Coconut ဖြစ်သည်။ "Coco" ဟူသောဝေါဟာရမှ ဆင်းသက်လာပြီး အတွင်းရှိအခွံမာသည်ကို အစွဲပြု၍ "nut" ဟူသောစကားကိုတွဲဖက်ပြီး Coconut ဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းဖြစ်သည်။ မျိုးရင်းမှာ Palmaceae ဖြစ်သည်။

**အုန်းနှင့်ငှက်ပျော အတူနေ**

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့တွင် အုန်းငှက်ပျောသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ပဒေသရာဇ်ခေတ်ကိုပြန်မျှော်ကြည့်လျှင် အုန်းငှက်ပျော၏အခန်းကဏ္ဍများ ပါဝင်နေသည်ကို တွေ့ရသည်။ ရှေးခေတ် မင်းခမ်း၊ မင်းနားများတွင် အုန်းနှင့်ငှက်ပျောတွဲဖက်၍ မင်းသုံးတော်ဝင်ရသည်။ ထို့ပြင် ဘုရင်မင်းမြတ်ကြွချီရာ လမ်းတစ်လျှောက်တွင်လည်း ရာဇမတ်ကာ၊ သံဖြူခင်း၊ ငှက်ပျောပင်စိုက်သည့် အစဉ်အလာရှိခဲ့သလို ရာဇဘိသေကခံယူရာတွင်လည်း ငှက်ပျောပင်သည် ပါမြဲဖြစ်သည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင်လည်း အုန်းနှင့်ငှက်ပျောသည် ပါမြဲဖြစ်သည်။ ရှင်ပြုမင်္ဂလာအလှူပွဲများ၊ အိမ်တက်တရားနာ၊ ဝါဆိုသင်္ကန်းကပ်၊ အလှူတရားနာ၊ တရားပွဲနှင့် အသုဘအဆုံး အုန်းနှင့်ငှက်ပျော အတူပါမြဲဖြစ်သည်။ နတ်ပူဇော်ပသရာတွင် အုန်းသီး၊ ငှက်ပျောသီးသည် အဓိကပါဝင်ပစ္စည်းဖြစ်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ယဉ်ကျေးမှုနှင့် အုန်း၊ ငှက်ပျောသည် အဓိကအခန်းကဏ္ဍကရှိနေမည်မှာ အသေအချာဖြစ်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ ရတနာသုံးပါးနှင့် မိဘ၊ ဆရာများကို သက္ကစ္စဂါရဝထားပူဇော်ပွဲများတွင် အုန်းသီးနှင့် ငှက်ပျောသီးကိုတွဲဖက်၍ ကန်တော့ပွဲထိုးလေ့ရှိကြသည်။ ငှက်ပျောနှင့်အုန်းသည် အခိုင်လိုက်အခိုင်လိုက်သီးသောအသီးမျိုးဖြစ်သောကြောင့် ပဒေသာပင်ဆန်လှသည်။ ငှက်ပျောနှင့် အုန်းသီးကို ကန်တော့ပွဲထိုး၍ အောင်သပြေပန်းနှင့် အခြားပန်းတစ်မျိုးမျိုးဖြင့် တွဲဖက်ထားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းညှိပေါင်းစပ်လိုက်ပါက အနုပညာမြောက်အပြင်အဆင်ဟု ဆိုထိုက်ပေသည်။ မင်္ဂလာအခမ်းအနားနှင့် အလှူပွဲများတွင်တွေ့ရပါက မင်္ဂလာအပေါင်းစုဝေးနေသည်ဟုပင် ထင်စရာဖြစ်သည်။ စာရေးသူတို့နိုင်ငံ၏ ရပ်ရှင်အနုပညာနယ်ပယ်၌ပင် ကန်တော့ပွဲပေးသည်ဟူသော အသုံးအနှုန်းကို ကြားသိရသည်။ ထို့ကြောင့် အုန်းနှင့်ငှက်ပျောသည် အတူရောနှောနေပြီး ခွဲခြား၍မရကောင်းဟုပင်ဆိုသင့်ပါသည်။

**အနန္တောအနန္တငါးပါးပူဇော်ခြင်းနှင့်ကန်တော့ပွဲ**

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာခေါ်ဆိုသော အနန္တော အနန္တငါးပါးကို သက္ကစ္စဂါရဝပူဇော်ပွဲများကို ကျင်းပလေ့ရှိကြပါသည်။ (၃၈)ဖြာမင်္ဂလာတရားတွင်လည်း "ပူဇော်ထိုက်သူကိုပူဇော်ခြင်းသည် မင်္ဂလာ"ဖြစ်ကြောင်း ဟောကြားထားသည်။ ထို့ကြောင့် စာရေးသူတို့အနေဖြင့် ပူဇော်ထိုက်သူများကို ပူဇော်ဂါရဝပြုရန်လိုသည်။ ထိုကဲ့သို့ ပူဇော်ရာတွင် ပူဇော်ကန်တော့ခြင်းနှစ်မျိုးရှိသည်။ ပူဇော်ခြင်းနှစ်မျိုးမှာ "ဝတ္ထုပစ္စည်းဖြင့်ပူဇော်ခြင်း"ဟုခေါ်သော အာမိသပူဇာ၊ တရားမွှေအကျင့်မြတ်ဖြင့် ပူဇော်ခြင်းဟုခေါ်သော ပဋိပတ္တိပူဇာတို့ဖြစ်သည်။ အုန်းသီး၊ ငှက်ပျောသီးကိုပွဲပြင်၍ ပူဇော်ခြင်းသည် ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်းမည်ပေသည်။ တစ်နည်းအားဖြင့် အာမိသပူဇာဖြစ်သည်။ ပူဇော်ထိုက်သူကိုပူဇော်ခြင်းသည် မင်္ဂလာမည်သလို မျက်မှောက်၊ သံသရာ နှစ်ဖြာသောအကျိုးကိုပေးတတ်သည်။ မျက်မှောက်တွင် အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ ရုပ်ရည်အဆင်းလှပကြည်လင်ခြင်း၊ ခွန်အားကြီးမားခြင်း၊ ချမ်းသာသုခနှင့်ပြည့်စုံခြင်း၊ ပညာသတိရှိခြင်း စသည့်အကျိုးများကို ရရှိစေသည်။ အနန္တောအနန္တငါးပါးကိုပူဇော်ရန် အဓိကလိုအပ်သောအရာမှာ ကန်တော့ပွဲဖြစ်သည်။ ရှေးက လူကြီးသူမများအပေါ် အပြစ်များကျူးလွန်မိပါက ကန်တော့ပွဲဖြင့် တောင်းပန်လေ့ရှိသည်။ ကန်တော့ပွဲအတွက် အုန်းသီးငါးလုံး အပြစ်အနာအဆာ ကင်းရမည်။ အုန်းသီးကြွက်မြီးခေါ် အုန်းသီးအညှာတံသည် ဖြောင့်တန်း၍ အဖျားကျိုးမနေရပေ။ ငှက်ပျောဖီးမှာ မိမိနှစ်သက်ရာငှက်ပျောကိုပြုလုပ်နိုင်သည်။ စာရေးသူတို့ဒေသတွင်မူ ရခိုင်ငှက်ပျော သို့မဟုတ် ဖီးကြမ်းငှက်ပျောကိုသုံးကြသည်။ အများအားဖြင့် ရခိုင်ငှက်ပျောကိုသာ အသုံးများသည်။ ငှက်ပျောဖီးက ၂၅ ဖီး၊ အပြစ်အနာအဆာလွတ်ရမည်။ သတိပြုရမည့်အချက်မှာ ငှက်ပျောတစ်ဖီးတွင် အနည်းဆုံး ငှက်ပျောသီး ၁၀ လုံး ပါရှိရမည်။ အခြားသောပစ္စည်းများမှာ တံခွန်၊ ကုက္ကား၊ မုလေးပွား ၅ စုံ၊ အောင်သပြေ ၂၅ ခက်၊ ကွမ်းယာ ၂၅ ယာ၊ စံပယ်ပန်းကုံး ၂၅ ကုံး၊ ဖယောင်းတိုင် ၂၅ တိုင်နှင့် အမွှေးနံ့သာရည်တို့ပါဝင်သော ကန်တော့ပွဲငါးပွဲပြင်ဆင်ရသည်။ ကန်တော့ပွဲတစ်ပွဲစီတွင် ငှက်ပျောသုံးဖီးအလယ်၌ အုန်းသီးတစ်လုံးထည့်၍ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ စံပယ်ကုံးတို့ကို လှပအောင်ပြင်ဆင်ရသည်။ ၎င်းကိုပင် အနန္တောအနန္တငါးပါးကို ကန်တော့ပွဲဖြင့် ပူဇော်ကန်တော့ခြင်းဖြစ်သည်။

**မြန်မာ့ရိုးရာ ငှက်ပျောဓလေ့**

ငှက်ပျောဓလေ့ဟူသည် ငှက်ပျောပင်မှရသော အသီး၊ အရွက်၊ အပင်တို့ဖြင့် ရိုးရာဓလေ့ပွဲများတွင် ထည့်သွင်းအသုံးပြုဆင်နွှဲခြင်းကိုဆိုလိုသည်။ စာရေးသူတို့ဒေသအပါအဝင် အခြားသောဒေသများ၌ ရှင်ပြုမင်္ဂလာပွဲများတွင် ကွမ်းတောင်ကိုင်လေ့ရှိကြသည်။ ယနေ့ခေတ်တွင် ကွမ်းတောင်သည် ရွှေရောင်ကွပ်ထားပြီး ဘော်ကြယ်များဖြင့် အလှဆင်ပြုလုပ်ထားကြသည်။ အသင့်အသုံးပြုရုံသာဖြစ်သည်။ ရှင်ပြုမင်္ဂလာပွဲတွင် ရပ်ရွာအတွင်းမှ အမျိုးသား၊ အမျိုးသမီးများ ပါဝင်ဆင်နွှဲကြသည်။ ထိုရှင်ပြုပွဲတွင် ကွမ်းတောင်ကိုင်အမျိုးသမီးများ ပါဝင်သည်။ ကွမ်းတောင်ကိုင်သည် မိန်းမပျိုလေးများ ဖြစ်ရပါမည်။ ရှေးယခင်က မိန်းမပျိုလေးများကိုင်သော ကွမ်းတောင်ကို ငှက်ပျောဖက်ဖြင့်ပြုလုပ်ကြရသည်။ ငှက်ပျောဖက်မှာ သက်တမ်းအလိုက် အရောင်မတူပေ။ အရွက်မပြန့်သေးသော ငှက်ပျောရွက်လိပ်အတွင်းရောင်မှာ ဝါဖြူရောင်၊ ဖက်လိပ်အပြင်ရောင်သည် စိမ်းဝါရောင်၊ အရွက်နုသည် စိမ်းလွင်သောအရောင်၊ အရွက်ရင့်မှာ စိမ်းမှောင်သောအရောင်၊ အရွက်အိုမှာ ဝါလွင်သောအရောင်၊ အရွက်ခြောက်မှာ ရွှေညိုရောင်ဟူ၍ ခြောက်မျိုးရှိသည်။ အဆိုပါ ငှက်ပျောဖက်ရွက်ခြောက်မျိုးကို ကွမ်းတောင်ပစ္စည်းများပြုလုပ်၍ အသုံးပြုကြရသည်။ ကွမ်းတောင်ကို ကလပ်ခံ၍လည်းကောင်း၊ ညောင်ရေအိုးခံ၍လည်းကောင်း ပြုလုပ်ကြသည်။ ငှက်ပျောဖက်ကိုအခြေခံ၍ပြုလုပ်သော ကွမ်းတောင်အတွင်း ကွမ်း၊ ကွမ်းယာတို့ကို ထားရှိကြသည်။ ထိုငှက်ပျောဖက်ကွမ်းတောင်ဓလေ့

❖ ရှေးခေတ် မင်းခမ်း၊ မင်းနားများတွင် အုန်းနှင့် ငှက်ပျောတွဲဖက်၍ မင်းသုံးတော်ဝင်ရသည်။ ထို့ပြင် ဘုရင်မင်းမြတ်ကြွချီရာ လမ်းတစ်လျှောက်တွင်လည်း ရာဇမတ်ကာ၊ သံဖြူခင်း၊ ငှက်ပျောပင်စိုက်သည့် အစဉ်အလာရှိခဲ့သလို ရာဇဘိသေကခံယူရာတွင်လည်း ငှက်ပျောပင်သည် ပါမြဲဖြစ်သည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင်လည်း အုန်းနှင့်ငှက်ပျောသည် ပါမြဲဖြစ်သည်။ ရှင်ပြုမင်္ဂလာအလှူပွဲများ၊ အိမ်တက်တရားနာ၊ ဝါဆိုသင်္ကန်းကပ်၊ အလှူတရားနာ၊ တရားပွဲနှင့် အသုဘအဆုံး အုန်းနှင့် ငှက်ပျော အတူပါမြဲဖြစ်သည်။ ❖

သည် ယခုအခါ ပျောက်ကွယ်လုနီးပါးဖြစ်နေသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်က မန္တလေးတောင်ခြေတွင် ဇရပ်ကြီးများဆောက်လုပ်၍ လှူဒါန်းခဲ့သည်။ အဆိုပါဇရပ်ကို သုဓမ္မာဇရပ်ဟုခေါ်သည်။ ထိုဇရပ်များတွင် သုဓမ္မာစာပြန်ပွဲများကို ကျင်းပလေ့ရှိသည်။ ထိုခေတ်အခါက ဥပုသ်နေ့တိုင်း သုဓမ္မာဇရပ်ရှိ ဥပုသ်သည်များကို မင်းတုန်းမင်းတရားကြီးက ထမင်း၊ ဟင်းများဖြင့် ကုသိုလ်ပြုလေ့ရှိသည်။ ထိုထမင်းနှင့်ဟင်းတို့ကို ငှက်ပျောဖက်ဖြင့်ပြုလုပ်ထားသော ဖက်ခွက်ကလေးများဖြင့် ထည့်ပေးကြောင်းလည်း သိမှတ်ရသည်။ ထို့ပြင် ရှေးဘုရင်များ ယာယီခရီးလှည့်လည်သည့်အခါ ဖက်ခွက်နှင့်ပင်သုံးဆောင်ကြောင်းလည်း သိရသည်။ ယနေ့အချိန်ထိလည်း အချို့က ထမင်းကို ဖက်ဖြင့်ထုပ်လေ့ရှိကြသည်။

**အုန်းငှက်ပျောစကားပုံနှင့်ဆိုရိုး**

ထို့ပြင် မြန်မာမှုနယ်ပယ်တွင် ငှက်ပျောနှင့်ပတ်သက်သော စကားထာဇာတ်တမ်းကစားနည်းများလည်း ရှိသည်။ ဥပမာ-"နတ်သမီးအိမ်တိုင် ချောလို့မတက်နိုင်"ဟူသောစကားသည် ငှက်ပျောပင်ကို ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းယူဆောင်ခြင်းဖြင့် ဆက်လက်ရှင်သန်နေသည့်သဘော၊ အစဉ်အလာ ဓလေ့သဘောကို "ငှက်ပျောပင်စိုက် မိလိုက်ဘပါ" ဟူသောစကားပုံဖြင့် ပြောဆိုလေ့ရှိကြသည်။ ထို့ပြင် "ငှက်ပျောတစ်ခိုင် သားတစ်ထိုင်" ဟူသော ဆိုရိုးစကားလည်းရှိသည်။ ဆိုလိုသည်ကား ငှက်ပျောတစ်ပင်စိုက်ပြီးပါက အမိဝမ်းမှကျွတ်သော ကလေးငယ်ထိုင်စအရွယ်ရောက်မှ ငှက်ပျောပင်က အသီးသီးသည်ဟုဆိုလိုသည်။ ငှက်ပျောပင်နှင့် အုန်းပင်စိုက်ပျိုးရာတွင် စိုက်နည်းစနစ်ကိုသိစေရန် "ငှက်ပျောလက်တစ်နှိုက်၊ အုန်းတည်စိုက်"ဟု ဆိုရိုးရှိသည်။ ငှက်ပျောပင်စိုက်ရာတွင် မြေကြီးကို တစ်နှိုက်တူးစိုက်ရသလို အုန်းပင်စိုက်ရာတွင်မူ တစ်မိုက်သာတူးစိုက်ရသည်ဟု ဆိုခြင်းဖြစ်သည်။

**မြန်မာ့ရိုးရာအုန်းဆွဲခြင်းဓလေ့**

အုန်းသီးဓလေ့သည် ငှက်ပျောသီးနှင့်တွဲဖက်၍သာ အသုံးများကြသည်။ အုန်းသီးချည်းသီးသန့်အသုံးပြုခြင်းက မြန်မာ့ရိုးရာမုန့်လုပ်ခြင်းနှင့် မိရိုးဖလာအုန်းဆွဲခြင်း၌သာ သုံးလေ့ရှိကြသည်။ ထို့နောက် အုန်းသီးကို မိရိုးဖလာနတ်အုန်းဆွဲရာတွင်လည်း သုံးလေ့ရှိသည်။

**နတ်အုန်းဆွဲခြင်းဓလေ့**

တစ်နည်းအားဖြင့် အုန်းသီးဓလေ့သည် ပုဂံခေတ်သေလည်ကြောင်မင်းလက်ထက်စခဲ့ကြောင်း သိရသည်။ အဆိုပါဓလေ့သည် မည်သည့်အချိန်ကတည်းက ရှိခဲ့သည်မသိရသော်လည်း ပုဂံခေတ်ကတည်းက ရှိခဲ့သည်ဟုပင်ဆိုရပေမည်။ အဆိုပါအုန်းဆွဲခြင်းဓလေ့သည် ရှေးခေတ်မှ ယနေ့ခေတ်တိုင်အောင် တည်ရှိနေသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာလူမျိုးတို့၏ ငှက်ပျောဓလေ့၊ အုန်းဓလေ့သည် ထူးခြားသောရိုးရာဓလေ့ပင်ဖြစ်သည်။ ငှက်ပျောဓလေ့ကိုကြည့်ပါက အမျိုးသားယဉ်ကျေးမှုများပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အလှူပွဲ၊ မင်္ဂလာပွဲ၊ ကန်တော့ပွဲများတွင် အုန်းသီးနှင့် ငှက်ပျောသီးကို အတူတွဲဖက်၍ တွေ့ရသည်။ မြန်မာလူမျိုးတို့၏ဓလေ့များတွင် ငှက်ပျောနှင့် အုန်းသည် မပါမဖြစ်ပေ။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ငှက်ပျောဓလေ့၊ အုန်းဓလေ့ကို ထိန်းသိမ်းသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**


- **အုန်းဆွဲခြင်းဓလေ့ ဆင်ဖြူကျွန်းအောင်သိန်း။**
- **ဘက်စုံအကျိုးပြု သီးစားပင်ငှက်ပျော နိုးမြင့်ဒွေး(အာယုဗ္ဗေဒ)။**

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** — ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** — ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** — တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** — စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** — ပဥ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** — ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** — ဒုတိယဆု
ဇာမဏိ

၃။ **ရွှေ့သို့ချီမည် ပန်းတိုင်ဆီ** — တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** — စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နှံ့နှစ်မခံ** — ပဥ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** — ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** — ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရွှေ့သို့ချီအံ့** — တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ပည်းမော်ကွန်း** — စတုတ္ထဆု
အောင်နိုင်သူ(ဇွဲကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** — ပဥ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရုဏ်ကျင်း နေမင်းဖြစ်ပါစေ** — အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** — အထူးဆု(၂)
ညွှန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** — အထူးဆု(၃)
ဟန်ညွှန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** — ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** — ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** — တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဖြိုမြင့်မြတ်ထင်ပေါ်တပ်မတော်** — စတုတ္ထဆု
မနော၇ဖြူ

၅။ **အလံစောင့်၏သစ္စာ** — ပဥ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်း၌ာနီ မြန်မာပြည်** — အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** — အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** — အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** — ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** — ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ ဖွေးပြီလေ** — တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** — စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** — ပဥ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** — အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** — အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** — အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** — ပထမဆု
ခန့်ပိုင်

၂။ **မန္တမ်းသောပန်း မခန်းသောရေ** — ဒုတိယဆု
ညိမ်းညို

၃။ **အမိရောဝတီ စီးဆင်းတည်ရှိနေသမျှ** — တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** — စတုတ္ထဆု
မနော၇ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသခေ်** — ပဥ္စမဆု
အမေ့သား(နတ်မောက်)

၆။ **ခိုင်ကြည်သောသစ္စာဖြင့်** — အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** — အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** — အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)၊

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၄၉၁၅ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၄၉၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၁၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၁၄၉၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုနှစ် နွေစပါးစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အတွင်း စပါး ၁၁၃၁၁၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နွေစပါး ၁၁၄၉၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို စပါးမစိုက်ခင် မြေပြင်ထိဆောင်ရွက်ပေးခဲ့ပါတယ်။ နွေသီးနှံတွေအားလုံးစိုက်ပျိုးနိုင်ဖို့ တောင်သူပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အခြားသက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် နွေစပါးတွေကို လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်အတွင်း ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးရာတွင် ဆင်းသုခ၊ မင်းဧရာ၊ ရက် ၉၀၊ GW-1၊ GW-3၊ ထိုင်းဘေးကျား စသည့်စပါးမျိုးများကို စိုက်ပျိုးကြပြီး အဆိုပါ စပါးမျိုးများသည် ဒေသမြေအနေအထားနှင့် ကိုက်ညီကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးပြီးနွေစပါးများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ပြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအာစစ်ပို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ISO 9001:2008 Cert. No.688876
Cert. No.688629

(ASEAN-OSHNET AWARD) တွင်
BEST Practices Award
ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ၆၂လမ်း၊ (၃၉ × ၄၁)လမ်းကြား၊ မနော်ရမ္မံဟစ်တိုင်ကွင်းနှင့် ပလက်ဖောင်းဧရိယာအပါ မြေနေရာတွင် မြို့တော်ညဈေးလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်လေလံကြော်ငြာခြင်း**

၁။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက် ၆၂ လမ်းနှင့် ၆၂ (A) လမ်းကြား၊ ၃၉လမ်းနှင့် ၄၁လမ်းကြား၊ ၆၂လမ်း၏ အနောက်ဘက်ခြမ်း မနော်ရမ္မံဟစ်တိုင်ကွင်း ဧရိယာ (၅၃၀၇၃) စတုရန်းပေနှင့် ပလက်ဖောင်းဧရိယာ (၂၅၄၂၅) စတုရန်းပေအပါ စုစုပေါင်းဧရိယာ (၇၈၄၉၈) စတုရန်းပေ အကျယ်ရှိ မြေနေရာတွင် မြို့တော်ညဈေးလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်လေလံလျှောက်လွှာ (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် ၁၁-၃-၂၀၂၄ ရက်နေ့မှ ၁၅-၃-၂၀၂၄ ရက်နေ့ထိ ရောင်းချသွားပါမည်။

(ခ) ၂၂-၃-၂၀၂၄ ရက်နေ့တွင် အိတ်ဖွင့်လေလံလျှောက်လွှာအား နောက်ဆုံးထားတင်သွင်းရပါမည်။

(ဂ) အိတ်ဖွင့်လေလံ လာရောက်လျှောက်ထားသည့်အခါ စပေါ်ငွေကို တစ်ပါတည်းပေးသွင်းရပါမည်။

၂။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**တဟုန်ဖန်**
**လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး**

(၁) **စာရင်းကိုင်** **မ** (၁) **ဦး**
* လစာ-အခြေခံ + %

(၂) **ဂိုဒေါင်မှူး** **ကျား/မ** (၁) **ဦး**
* လစာ-အခြေခံ + %

(၃) **တရုတ်စကားပြန်** **ကျား** (၁) **ဦး**
* လစာ-ညှိနှိုင်း

(၄) **အရောင်းဝန်ထမ်း** **မ** (၄) **ဦး**
* လစာ-အခြေခံ + %

(၅) **Marketing** **ကျား/မ** (၈) **ဦး**
* လစာ-အခြေခံ + %၊ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများသည် CV Form အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားပါရန်။ အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
လိပ်စာ။ ။ ၆၂လမ်း၊ ၁၁၀ × ၁၁၁ ကြား၊ မန္တလေးမြို့။
ဖုန်း 09-400877900 , 09-783249663

**ပျောက်ဆုံးကြောင်း**

ငါန်းဇွန်မြို့နယ်၊ မရိုးကုန်းကျေးရွာနေ မောင်အောင်ခိုင်ဖိုး (ဘ) ဦးသန်းလှိုင် (၉/ငဇန(နိုင်)၁၁၀၄၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-531351)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၉၆၉၇၄၀၂၄၉

**ပျောက်ဆုံးကြောင်း**

စစ်ကိုင်းမြို့နေ ဝဏ္ဏဦး (ဘ) ဦးသန်းနိုင်ဦး (၅/စကန(နိုင်)၂၄၀၃၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-230007)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၉၇၇၇၂၆၈၃၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ သူနတ်စစ်အုပ်စု၊ သူနတ်စစ်ကျေးရွာနေ မောင်စောရန်နိုင် (၉/ငဇန(နိုင်)၁၃၁၃၈၅)၏ဖခင်မှာ ဦးဇော်ထူး (၅/ငဇန(နိုင်)၀၆၄၄၃၅) နှင့် ဦးဇော်တူး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဇော်ထူး(ခ)ဦးဇော်တူး(၅/ငဇန(နိုင်)၀၆၄၄၃၅)**

ဥတု ရာသီ တောက်ပိမ့်

မီး သတိပြု


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ဗိုင်းရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




စာပေမြင့်မှ လူမျိုးတင့်မည်

❖ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကို အခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်…

❖ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိ…

❖ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြု



**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့်

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

**အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာရေတပ်လေ့ကျင့်ခန်း (MILAN - 2024) နှင့် (၆)ကြိမ်မြောက် အိန္ဒိယ-မြန်မာရေတပ်ဆိုင်ရာ လေ့ကျင့်ခန်း (6th IMNEX)သို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အရာရှိစစ်သည်များ ပါဝင်သော စစ်ရေယာဉ်(ဆင်ဖြူရှင်)ပြန်လည်ရောက်ရှိ**

စာမျက်နှာ - ၁၆

**အချိုးကျကိုယ်စားပြုစနစ် (PR)နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပ**

စာမျက်နှာ - ၁၈

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..